ကြေးမုံ
The Mirror

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ စနေနေ့ (25-5-2013) (၇၄၉၁)

## ယနေ့ မာတိကာ

ပိန်ဆေးလား သေဆေးလား ........ စာမျက်နှာ - ၆
အောင်မင်္ဂလာအဝေးပြေးကားများအတွက် ဆိုက်ရောက်၊ ထွက်ခွာရန် အဆောက်အအုံ ၆၀ ရာခိုင်နှုန်းပြီးစီး ........ စာမျက်နှာ - ၁၁
ကိန်းရုပ်ရှင်ပွဲတော်ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းတန် လည်ဆွဲရတနာ ထပ်မံပျောက်ဆုံး ........ စာမျက်နှာ - ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)





# သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ် ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသည့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသော သမန္တာအစရှိ မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာစိန်ဖူးတော်၊ ရွှေထီးတော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သာဟတ္ထိကဒါန မြောက်အောင် ဆက်သွယ်စီစဉ်ထားသည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ◆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများ ဆရာတော်ကြီးများအား သတ္တသတ္တာဟ တရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁)ပါ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ကိုယ်ရေးအချက်အလက်တွင် ပါရှိသော Seikei တက္ကသိုလ် ဥပဒေရေးရာဌာနမှ နိုင်ငံရေးသိပ္ပံဖြင့်ဘွဲ့ရရှိခဲ့သည့် ခုနှစ်အား ၁၉၉၇ ခုနှစ် (အစား) ၁၉၇၇ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ကြေးမုံ)**



**ကြေးမုံစာတည်းရှုထောင့် ၂၅-၅-၂၀၁၃၊ စနေနေ့**

# အလယ်လမ်း

ဆရာကြီးနန္ဒာသိန်းဇံ၏ စာတစ်အုပ်မှ ပုံပြင်တစ်ပုဒ်ကိုဖတ်ဖူးသည်။ အရပ်ဝန်းကျင် ထင်ရှားသော ပညာရှိတစ်ဦးကို အရက်သမား လူရမ်းကားတစ်စုက အရှက်ခွဲဖို့ကြံစည်ကြသည့် အကြောင်း။ ပညာရှိလာရာလမ်းတွင် ထိုလူစုက ငှက်ကလေးတစ်ကောင်ကိုဆုပ်ကိုင်ကာ ပြဿနာရှာဖို့ စောင့်ကြိုနေကြခြင်း။ တွေ့လျှင် လက်ထဲမှ ငှက်ငယ်ကိုပြပြီး အရှင်လား၊ အသေလား မေးမည်။ အရှင်ဟုဖြေပါက သတ်ပစ်လိုက်မည်။ အသေဆိုလျှင် လွှတ်ပေးလိုက်မည်။ လူမိုက်ပီပီ ဉာဏ်တိမ်တိမ်နှင့် ရေပက်မဝင် ပြင်ဆင်ထားကြသည်။ ပညာရှိ၏ လိုရင်းတိုရှင်းအဖြေစကားမှာ "မောင့်သဘောအတိုင်းပါပဲ"ဟူ၍ ဖြစ်သည်။ ပြဿနာတစ်ရပ်ကို သယ်ဆောင်လာခဲ့သူများသို့ ပြန်ပို့ဖြေရှင်းခိုင်းလိုက်ခြင်း။ ငါးကြင်းဆီနှင့် ငါးကြင်းကို ပြန်ကြော်လိုက်ခြင်း။ တစ်နည်း "ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ"၊ "မြွေမသေ တုတ်မကျိုး" အဖြေစကားမျိုးဖြစ်သည်။

ပြဿနာတစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့လာရသည့်အခါ ဆင်ခြင်စရာ နမူနာပြယုဂ်ပုံပြင်ကောင်းလေးတစ်ပုဒ် ဖြစ်ပါသည်။

ကြာသည် နွံမှပေါက်ဖွားကာ ရေမှာရှင်သန်နေငြားလည်း ရေမစို နွံမရှိ ပကတိသန့်စင်နေဘိသကဲ့သို့။ ထို့အတူ အလယ်လမ်းဟူသည် အစွန်းနှစ်ဖက်ကြားမှာ၊ ထိုအစွန်းနှစ်ဖက်နှင့်အတူ ရှိနေငြားလည်း မငြိမတွယ် ကင်းလွတ်နေခြင်းသဘော။ ဤဖြစ်စဉ်ဖြစ်ရပ်များကို နိုင်ငံရေး၊ ဘာသာရေးနယ်ပယ်များတွင် အထင်အရှား မြင်တွေ့နိုင်ပါသည်။ သာဓကအားဖြင့် ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် တစ်ချိန်က "ဘက်မလိုက်လှုပ်ရှားမှု" The Non Aligned Monement (NAM) ဟူသော ဝေါဟာရစကားတစ်ရပ် တွင်ကျယ်ခဲ့သည်။ စစ်အေးကာလ လက်ဝဲ၊ လက်ယာ အဖွဲ့အစည်းများကြားတွင် ၎င်းအဖွဲ့အစည်းများနှင့် အယူအစွဲ မတူကွဲပြားပါလျက် အတူလက်တွဲနေနိုင်ခဲ့သော ကြားနေအုပ်စု။ တတိယကမ္ဘာဟုလည်း ခေါ်တွင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဤလှုပ်ရှားမှုသည် ယနေ့ထိတိုင် အခြေခိုင်ရှင်သန်ရှိနေဆဲ။ အလယ်လမ်း၏ နမူနာပြယုဂ်ကောင်းတစ်ခုဖြစ်ပါသည်။

ဘာသာရေးတွင် ဗုဒ္ဓ၏လမ်းကြောင်းမှန်မှာလည်း အစွန်းနှစ်ဖက် လွတ်ကင်းသည့် မဇ္ဈိမပဋိပဒါ အလယ်လမ်းပင်ဖြစ်ပါသည်။ တစ်နည်း အလယ်လမ်းဟူသည် အမှားနှစ်ရပ် (သို့) အစွန်းနှစ်ဖက်ကြားတွင်ရှိ သမ္မာဒိဋ္ဌိအမြင်မှန်ရပ်ဝန်းဖြစ်သည်။ အစွန်းနှစ်ဖက်ဆိုသည်မှာလည်း ခံယူတတ်လျှင် လမ်းကြောင်းမှန်အတွက် အထောက်အပံ့ဖြစ်သွားရသည်။

ဗုဒ္ဓကိုယ်တော်တိုင် ထိုအစွန်းနှစ်ဖက် အမှားနှစ်သွယ်ကို ဦးစွာထိတွေ့ကာ အကြောင်းခံအရင်းပြုလျက် မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ထိုးထွင်းသိမြင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့ စာနယ်ဇင်းသမားများသည်လည်း အလယ်လမ်းသမား အလယ်လူများဖြစ်ကြသည်။ "စာနယ်ဇင်းနှင့် မီဒီယာ" ဆောင်းပါးတစ်ပုဒ်တွင် "စာ၊ နယ်၊ ဇင်းကို အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းဖော်ပြသော ဝေါဟာရတစ်လုံးကို တင်ပြထားသည်။ ယင်းသည်ကား Media ဖြစ်သည်။ မီဒီယာ အဓိပ္ပာယ်ရင်းမှာ (အလယ်)ဖြစ်သည်။ Media သည် Median ၏ဗဟုဝုစ်ကိန်းတစ်ခုဖြစ်သည်။ အဓိပ္ပာယ်မှာ Middle (အလယ်)ဖြစ်သည်"။

သတင်းစာဆရာတစ်ဦးကလည်း "စတုတ္ထမဏ္ဍိုင်သည် မည်သည့်ပါတီအဖွဲ့အစည်းကိုမှ ကိုယ်စားမပြု၊ အပြုသဘောအတည့်သွား အကောင်းဆုံးလုပ်ဆောင်ကြရမည်"ဟု အလယ်လမ်း၏ နိမိတ်ပုံစကားပြောခဲ့ဖူးသည်။

စာရေးဆရာကြီး သော်တာဆွေက စာပေသမားတစ်ဦး၏ နေရာမှန်နှင့်ပတ်သက်၍ "စာရေးဆရာတို့မည်သည် အယူမသီးအပ်၊ တစ်ဖက်သတ်မကြည့်အပ်၊ အမျိုးဘာသာ၊ ရန်သူမိတ်ဆွေ၊ မုန်းသူချစ်သူမခွဲခြားအပ်၊ မျက်နှာမလိုက်အပ်၊ အမှားအမှန်ကိုသာကြည့်ရမည်။ ယင်းအမှားအမှန်ကိုလည်း အပေါ်ယံကြောနှင့် မဆုံးဖြတ်အပ်"ဟု ဖွင့်ဆိုထားသည်။

သို့ဖြစ်ရာ မည်သည့်ကိစ္စ၊ မည်သည့်အမှုကိုဆောင်ရွက်သည်ဖြစ်စေ အမှားနှင့် အမှန်၊ အဆိုးနှင့်အကောင်းတွင် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်းသာ သဲကွဲစေလိုပြီး အစွန်းနှစ်ဖက်ကင်းလွတ်သည့် အလယ်လမ်းသည်သာ အကောင်းဆုံးဖြစ်ပါကြောင်း။ ။

## မြဝတီစက်မှုဇုန် တည်ဆောက်မည်

နေပြည်တော် မေ ၂၄

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လာရောက် ပညာသင်ကြားနေသည့် သင်တန်းသူလေးများအနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပို့ချပေးသည့် အသိပညာ၊ အတတ်ပညာများကို ကြိုးစားသင်ယူပြီး မိမိတို့၏ဒေသပတ်ဝန်းကျင်တွင် ပြန်လည်ဝေငှရန် လိုအပ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ သင်တန်းသူများအား မေ ၂၀ ရက်က တွေ့ဆုံရာတွင် ပြောကြားပြီး ကျောင်းအတွက် SKY NET တစ်စုံ လှူဒါန်းသည်။

ထို့နောက် မြဝတီစက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှင်းလင်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ထိုင်းနိုင်ငံမှကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြဝတီစက်မှုဇုန်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## အားကစားဖြင့် နိုင်ငံ့ကျေးဇူးဆပ်နိုင်ရေး အားရှိသမျှကြိုးစားကြရန်လို

နေပြည်တော် မေ ၂၄

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဖိတ်ခေါ် ဗိုဗီနမ် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာဗိုဗီနမ် အားကစားအဖွဲ့နှင့် တရုတ်နိုင်ငံ ရှန်ရှမြို့၌ ပူးတွဲလေ့ကျင့်ရန် သွားရောက်မည့် အလေးမ အားကစားသမားများအား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး အားကစားသမားများအနေဖြင့် အားကစားဖြင့် နိုင်ငံ့ကျေးဇူး ဆပ်နိုင်ရေးနှင့် အားရှိသမျှကြိုးစားကြရန်လိုအပ်ကြောင်း၊ မိမိတို့နှင့် ယှဉ်ပြိုင်ဘက် အားကစားသမားများထံမှ အတွေ့အကြုံကောင်းများ ရရှိလာအောင် ဆောင်ရွက်ခဲ့ကြရန်လိုကြောင်း၊ အတူလိုက်ပါသွားကြသည့် အုပ်ချုပ်သူနှင့် နည်းပြများကလည်း အားကစားသမားများ၏ အရည်အသွေးပိုမိုတိုးတက်လာစေရေး အနီးကပ်ကြီးကြပ်ကြရန်လိုကြောင်း၊ မြန်မာ့အားကစားအောင်မြင်ရေး၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုကမ္ပည်းမှတ်တိုင် စိုက်ထူနိုင်ရေးမှာ အားကစားသမားများ အပေါ်မူတည်သည်ကို မမေ့လျော့ရန် လိုအပ် ကြောင်းပြောကြားသည်။

ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဖိတ်ခေါ်ဗိုဗီနမ်ပြိုင်ပွဲကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်-မြန်မာနှစ်နိုင်ငံ ပူးတွဲလေ့ကျင့်မှုအစီအစဉ်အရ မြန်မာ အလေးမအားကစားအဖွဲ့သည် မေ ၂၅ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






## ယာဉ်ကြောပိတ်ဆို့မှုများ ပြေလျော့စေရေး လမ်း(၃၀) မှတ်တိုင်အား ပြောင်းရွှေ့

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တွင်း ယာဉ်မောင်းသူများ အဆင်ပြေစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ ပြေလျော့စေရေးအတွက် မြို့တွင်းမီးပွိုင့်နှင့် ကပ်လျက်ရှိသော လမ်း(၃၀)မှတ်တိုင်အား ကုန်ဈေးတန်းမှတ်တိုင်သို့ ပြောင်းရွှေ့ထားကြောင်း ကြော်ငြာဆိုင်းဘုတ်ထားရှိသည်ကို ယင်းမှတ်တိုင်အနီးတွင် မေ ၂၁ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။(ဓါတ်ပုံ)

"မျက်မြင်အရ မီးပွိုင့်နဲ့လည်း နီးကပ်နေတယ်။ ခရီးသည်တင်ယာဉ်လိုင်းတွေက မှတ်တိုင်မှာရပ်ရင် မီးပွိုင့်အထိ ပိတ်ဆို့သွားတယ်။ မီးပွိုင့်လည်းစိမ်းရော မီးပွိုင့်ကထွက်လာတဲ့ ယာဉ်တွေက ထွက်လို့မရတော့ဘူး။ အားလုံးတောက်လျှောက် ပိတ်ကုန်ရော၊ ဒါကြောင့် ယာဉ်မောင်းသူတွေ အားလုံး အဆင်ပြေစေဖို့အတွက် ပြောင်းရွှေ့ရတာပါ" ဟု မထသ (မြောက်ပိုင်းခရိုင်)ဒု-ဌာနခွဲမှူးက ပြောသည်။ အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုများ ပြေလျော့စေရေးအတွက် ယင်းမှတ်တိုင်အား ပြောင်းရွှေ့ရန်သတ်မှတ်ထားသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း သက်ဆိုင်ရာဌာနအသီးသီးမှ စုပေါင်းညှိနှိုင်းပြီး ယခုလိုသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။(စိုးဝင်း-MLA)







# အကြမ်းဖက်သမားအဖြစ် မသင်္ကာသူနှစ်ဦးကို လန်ဒန်ရဲတပ်ဖွဲ့က ဖမ်းဆီးပြီးစုံစမ်းစစ်ဆေးမှုပြုလုပ်

**လန်ဒန် မေ ၂၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီး ဝူးလ်ဝစ်ချ်မြို့၌ ဗြိတိသျှစစ်သားတစ်ဦးကို မေ ၂၂ ရက်က သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်သော အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူနောက်ထပ်နှစ်ဦးကို ရဲတပ်ဖွဲ့က မေ ၂၄ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း၊ ရဲတပ်ဖွဲ့သည် မသင်္ကာဖွယ်ရာ နေရာအများအပြားတွင် ရှာဖွေမှုများပြုလုပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဖမ်းခံရသူနှစ်ဦးမှာ အသက် (၂၉) နှစ်အသီးသီးရှိ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြပြီး လူသတ်မှုတွင် ကြံရာပါများအဖြစ် မသင်္ကာရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းသတ်ဖြတ်မှုကို တစ်ဦးတည်းက ကျူးလွန်ခဲ့သည်ဟု ကနဦးတွင် ယူဆခဲ့သော်လည်း စုံစမ်းစစ်ဆေးချက်အရ တစ်ဦးထက်မကသူများက ပြစ်မှုတွင်ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်သူမှာ ခရစ်ယာန်ဘာသာဝင်အဖြစ်မှ မွတ်စလင်တစ်ဦးအဖြစ်သို့ ဘာသာကူးပြောင်းခဲ့သူဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူမှာ အသက် (၂၅) နှစ်ရှိ ဒရမ်မာလီရစ်ဘီဆိုသူ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ **ဖောက်စ်နယူး။**





လူသတ်မှုဖြစ်ပွားခဲ့သည့် နေရာကို ပိတ်ဆို့၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိစဉ်။

# ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဟိသရိုးလေဆိပ်တွင် အရေးပေါ်ဆင်းသက်

**လန်ဒန် မေ ၂၄**

ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် စက်ချွတ်ယွင်းမှုကြောင့် မေ ၂၄ ရက်တွင် လန်ဒန်မြို့ ဟိသရိုးလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ပြီး တာဝန်ရှိသူများက လေယာဉ်ပြေးလမ်းနှစ်ခုကို ပိတ်ထားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါလေယာဉ်မှ အရေးပေါ်ထွက်ပေါက်ကို အသုံးပြုပြီး ခရီးသည် ၇၅ ဦးတို့ လေယာဉ်မှထွက်လာပုံကို ပြသခဲ့ပြီး အဆိုပါခရီးသည်တင်လေယာဉ် အဲဘတ်စ်-အေ ၃၁၉ ၏ ယာဉ်ဘက်စက်ခေါင်းမှ မီးခိုးငွေ့များထွက်လာပုံကိုလည်း မြင်တွေ့ရသည်။ ၎င်းခရီးသည်တင်လေယာဉ် အဲဘတ်စ်-၃၁၉ လေယာဉ်၏ ယာဘက်စက်ခေါင်းသည် လေယာဉ်ပျံတက်သွားပြီး မကြာမီမှာပင် မီးခိုးများထွက်လာခဲ့သည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် ခရီးသည်ဝင်ထွက်မှု အများဆုံးဖြစ်သော ဟိသရိုးလေဆိပ်၏ လေယာဉ်မြောက်ဘက်ပြေးလမ်းကို ယင်းအဖြစ်အပျက်ဖြစ်ပွားပြီး နံနက် ၉ နာရီဝန်းကျင်မှစ၍ ပိတ်ထားလိုက်ပြီး ဟိသရိုးလေဆိပ်၏ တောင်ဘက်လေယာဉ်ပြေးလမ်းကို နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောသည်။

ဗြိတိသျှလေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် ဘီအေ-၇၆၂ ဟိသရိုးမှ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ပျံသန်းသည့် လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် လေယာဉ်ကွင်းမှ ပျံတက်ပြီး အချိန်တိုအတွင်း ဟိသရိုးလေဆိပ်သို့ ပြန်လာခြင်းဖြစ်ကြောင်း ဗြိတိသျှလေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောကြားသည်။

ယင်းလေယာဉ်မတော်တဆဖြစ်ရပ်မှာ စက်ချွတ်ယွင်းမှုဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။**အေအက်ဖ်ပီ။**

# အိန္ဒိယရေလုပ်သား ၄၅ ဦးကို ပါကစ္စတန်က ပြန်လွှတ်ပေး

**အစ္စလာမ္မာဘတ် မေ ၂၄**

ပါကစ္စတန်အကျဉ်းထောင်တွင် ဖမ်းဆီးထားသော အိန္ဒိယရေလုပ်သား ၄၅ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ ပါကစ္စတန်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း မေ ၂၄ ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော အဆိုပါရေလုပ်သားများအား ပါကစ္စတန်အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မီယာဟာဇာခန်းခိုးစိုကလွန်ခဲ့သည့်ရက်သတ္တပတ်တွင် လွှတ်ပေးရန်ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ၎င်းရေလုပ်သား ၄၅ ဦးအား ကရာချိမြို့ အကျဉ်းထောင်မှ ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ လာဟိုးမြို့သို့ ဘတ်စ်ကားတစ်စီးဖြင့် တင်ဆောင်လာပြီး ဝပ်ချ်ဂါနယ်စပ်ရှိ အိန္ဒိယအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်မှ ရေလုပ်သားများသည် နှစ်နိုင်ငံရေကြောင်းနယ်နိမိတ်များ ဖြတ်သန်းဝင်ရောက်မှုကြောင့် အပြန်အလှန်ဖမ်းဆီးခဲ့ကြမြဲဖြစ်သည်။

ပါကစ္စတန်အကျဉ်းထောင်တွင် အိန္ဒိယရေလုပ်သား ၄၈၂ ဦးကို ဖမ်းဆီးထားပြီး အိန္ဒိယအကျဉ်းထောင်တွင် ပါကစ္စတန် ၄၉၆ ဦးကို ထိန်းသိမ်းထားလျက်ရှိသည်။ **ဆင်ဟွာ။**









☆ ဂျပန်-မြန်မာဆက်ဆံရေးမှ

ကူးပြောင်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့ကို ပိုမိုခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး အကျိုးရလဒ်ကို မြန်မာပြည်သူပြည်သားများ အမှန်တကယ်ပို၍ ခံစားနိုင်ရန်အရေးကြီးသည်ဟု ထင်မြင်ယူဆမိပါသည်။ အခက်အခဲများစွာကို ကျော်လွှားလာခဲ့သည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်နိုင်ငံက တတ်စွမ်းသမျှ ကူညီသွားပါမည်။ ရှိထားသည့် အင်အားများကို အစွမ်းကုန်ထုတ်၍ ထောက်ပံ့သွားမည့်မူဝါဒဖြစ်ပါသည်။

(၂) လျင်မြန်စွာအသက်ဝင်လာသည့် နှစ်နိုင်ငံစီးပွားရေးဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ပြုလုပ်ပြီး နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန် ဦးတည်ဆောင်ရွက်သွားပါမည်။ ဂျပန်နိုင်ငံက နိုင်ငံတကာအသိုက်အဝန်းကို ဦးဆောင်၍ မြန်မာနိုင်ငံအတွက် ကြွေးမြီကိစ္စဖြေရှင်းမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး ယန်းချေးငွေအသစ် ခန့်မှန်းခြေ ယန်းသန်းငါးသောင်းအပါအဝင် မြန်မာနိုင်ငံသို့ အထောက်အပံ့ အပြည့်အဝပြန်လည်စတင်ခြင်းကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထပ်မံ၍ ယခုအကြိမ်ပြုလုပ်မည့် ဂျပန်- မြန်မာထိပ်သီးဆွေးနွေးပွဲတွင်လည်း နောက်ထပ်ပေးအပ်မည့် အထောက်အပံ့များကို ထုတ်ဖော်ပြောကြားမည်ဖြစ်ပါသည်။ ထို့ပြင် ယခုခရီးစဉ်တွင် ဂျပန်နိုင်ငံကို ကိုယ်စားပြုမည့် စီးပွားရေးလောကခေါင်းဆောင်များနှင့် အတူတကွ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသည် ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံကို အထူးစိတ်ဝင်စားလျက်ရှိကြောင်း ပြသနေပါသည်။ ဂျပန်-မြန်မာ နှစ်နိုင်ငံစလုံးအနေဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်ရလဒ် (Win-win) ပေါ်ထွက်လာစေရန် ဂျပန်အစိုးရက နှစ်နိုင်ငံစီးပွားရေးဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်အတွက် တွန်းအားပေးသွားပါမည်။

(၃) ဂျပန်-မြန်မာ ဆက်ဆံရေးအခြေခံအသစ် တည်ဆောက်ရန်အတွက် ၎င်းကိုအထောက်အကူပြုနိုင်မည့် နှစ်နိုင်ငံ နိုင်ငံသားများ ကူးလူးဆက်ဆံရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးကိုယ်တိုင်ကလည်း မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများအတွက် မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုပ်ဆောင်သွားပါမည်။

(၄) မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံ ပတ်ဝန်းကျင်တွင်ရှိသောဒေသများ လုံခြုံရေးနှင့် ပတ်သက်၍ ယခုအကြိမ် အလည်အပတ်ခရီးစဉ်တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ တူညီသော ထင်မြင်ယူဆချက်ကို နားလည်သဘောပေါက်ပြီး ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားရန် ရှိပါသည်။

ဂျပန်နိုင်ငံတွင် မြန်မာကိုချစ်သောသူ အများအပြားရှိပါသည်။ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေးသည် အလွန်ကောင်းမွန်ပါသည်။ သို့သော် လက်ရှိအခြေအနေကို ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်သွားချင်ပါသည်။ ယခုအကြိမ် ကျွန်တော်၏ အလည်အပတ်ခရီးစဉ်သည် ဂျပန်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ပြီး သမိုင်းစာမျက်နှာအသစ်ဖွင့်လှစ်နိုင်ရန် အခွင့်အလမ်းများ ပေါ်ထွန်းလာလိမ့်မည်ဟု မျှော်လင့်လျက်ရှိပါသည်။

## မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းမိသားစုများ ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဝန်ထမ်းမိသားစုများသည် ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ရပ်ကွက်အတွင်းရှိ ပြုံးတော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကိန်းဝပ်တော်မူရာ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြပြီး **(အောက်ပုံ)**ည ၇ နာရီခွဲတွင် တောင်တွင်းကြီးဆရာတော် ဘဒ္ဒန္တ ဝါသဝ ဟောကြားတော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့်သက်ဆိုင်သည့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို နာယူကြသည်။

အဆိုပါ ပြုံးတော်မူဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိရာ ကုန်းတော်ပြင်တွင် မေ ၂၀ ရက်မှ ယနေ့အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**



# ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့ ရန်ကုန်မြို့သို့ ရောက်ရှိ



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ် အာကီအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်ဇနီး ဒေါ်ချော၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင့်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mikio NUMATA နှင့် ဇနီးနှင့် သံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ (ဝဲပုံ)

**(သတင်းစဉ်)**

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ထပ်ဆင့်ချီးကျူးပူဇော်ပွဲ လှိုင်ကော်မြို့၌ကျင်းပ

**နေပြည်တော် မေ ၂၄**

၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသောဆရာတော်နှင့် သီလရှင်ဆရာကြီးတို့အား ထပ်ဆင့်ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် ၂၀၁၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်သည့် အခမ်းအနားကို မေ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဆုပေး

**ရန်ကုန် မေ ၂၄**

၂၀၁၃ ခုနှစ် (၃၈)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များက တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယဆုရသူများနှင့် အသင်းလိုက်ဆုရ အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၅-၅-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၅၀ | "ပင်းမြို့ဟောင်းမှ ပုဗ္ဗာရုံကျောင်းနှင့် မဟာဗောဓိ" |
| ၇း၂၀ | မဟောသဓာ (အပိုင်း-၂၃) |
| ၈း၂၅ | အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၇၀) |
| ၁၀း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၄၀) |
| ၁၁း၀၀ | ရွှေရင်ခုန်သံ |
| ၂း၁၅ | "တန်ဖိုးထဲကလူ" (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္စာလီ) (ဒါရိုက်တာ-သက်တင်) |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "နှိမိတ်ပုံရိပ်" (အပိုင်း-၂) |
| ၄း၂၅ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက |
| ၄း၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၅း၁၅ | "သိပ်မိုက်တာပဲ" (ရော၊ ၎က်ပျောကျော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်) |
| ၆း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "နေရောင်အောက်က သတို့သမီး" (ဒုတိယတွဲ) (အပိုင်း-၆) |
| ၈း၀၀ | ပြည်တွင်းသတင်း -ပျော်ရွှင်စေသောနေ့ရက်များ "ယောက္ခမရုပ်ရည်" (အပိုင်း-၉) (မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)] -ဂီတတံခါးလေးဖွင့်ပါဦး |


## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

အောက်ဖော်ပြပါ "မြန်မာ့ရတနာဘဏ်လီမိတက်"ဟူသော ဘဏ်၏ Logo အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မြန်မာ့ရတနာဘဏ်လီမိတက်တစ်ခုတည်းမူပိုင် Logo ဘဏ်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်၍ ၎င်း Logo ဘဏ်အမှတ်တံဆိပ်ဖြင့် ချက်(Cheque) လက်မှတ်၊ ငွေထည့်အိတ်၊ ဘဏ်တွင်လိုအပ်သမျှအသုံးပြုပြီး စက္ကူများပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရတနာဘဏ်လီမိတက်
TREASURE BANK OF MYANMAR LTD.

အထက်ပါ Logo ဘဏ်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း အမှတ်-၆၅၃/၆၉၉၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ "မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်" စီမံဌာနတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။(၇)ရက်ကျော်လွန်ပါက အထက်ပါ Logo ဘဏ်အမှတ်တံဆိပ်ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် အခြားနိုင်ငံများတွင်ပါ လုပ်ကိုင်ဆောင်ရွက်သွားပြီး ယင်းဘဏ်လုပ်ငန်းနှင့်ဆက်နွှယ်ပတ်သက်သည့် ကြော်ငြာဆိုင်းဘုတ်၊ သတင်းစာ၊ စာစောင်၊ စာရွက်စာတမ်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Internet Website၊ E-mail၊ ဘဏ်သုံး Letter Head၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ အစရှိသည်တို့အပေါ်တွင်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း (စဉ်-၇၂၇၅)
တရားလွှတ်တော်ရှေ့နေ(ဘဏ်ရှေ့နေ)
အမှတ်(၉၉)ပထမထပ်၊ (၃၈)လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၃၀၀၁၆၁၊ ၀၉-၄၉၃၁၂၃၂၆၊၀၁-၂၅၃၄၀၃(Fax)
E-mail:www.khinmaungwin @ theikdi.com.mm

# ပိန်ဆေးလား၊ သေဆေးလား

ဗအုပ်ခိုင်

လွန်ခဲ့သော လေး၊ ငါးနှစ်ခန့်က မရောက်တာကြာပြီဖြစ်သော ကျွန်တော်၏ဇာတိအညာမြေ မြင်းခြံမြို့သို့ ကျန်ရှိနေသော ဆွေမျိုးများထံကို လည်ပတ်ရင်း ရောက်ရှိသွားပါသည်။ မြင်းခြံမြို့သို့ ရောက်တုန်း နာမည်ကြီး မြင်းခြံခေါက်ဆွဲသုပ်ကို မစားရတာကြာပြီဖြစ်၍ အနီးဆုံးရနိုင်သော အမှတ် (၁၆) ရပ်ကွက် စံပြတိုက်တန်းထိပ်က အသုပ်ဆိုင်ဘက်သို့ ထွက်လာခဲ့၏။ မြင်းခြံခေါက်ဆွဲသုပ်နှင့် ကျွန်တော်တို့ရန်ကုန်က ခေါက်ဆွဲသုပ်မှာ လက်ရာချင်း၊ သန့်ရှင်းသပ်ရပ်တာချင်း၊ အရသာရှိတာချင်း အတော်လေး ကွာခြားလှ၏။ ရန်ကုန်က ခေါက်ဆွဲသုပ်ဆိုတာက ခေါက်ဆွဲအသားကြွမ်းကြွမ်းကို ဂေါ်ဖီ၊ သခွားသီး၊ အချိုမှုန့်၊ ဆီချက်ခပ်ညှံ့ညှံ့တို့အပြင် တားမြစ်ဆိုးဆေးအသုံးပြုထားသော အချဉ်ရည် နီနီရဲရဲတို့ကို ဆမ်းကာ ယင်တွေက တလောင်းလောင်း၊ သုပ်သည့်အသုပ်က လက်အိတ်မပါ၊ လက်ကိုစင်ကြယ်စွာမဆေးဘဲ ငွေစက္ကူအဟောင်းအနွမ်းတွေကို ကိုင်လိုက်၊ အသုပ်တွေကိုနယ်လိုက်ဖြင့် ရွံစရာကြောက်စရာအတိဖြစ်နေ၍ ကျွန်တော်တစ်ခါမျှ ဝယ်မစားဖြစ်ခဲ့။ ထိုပိုက်ဆံအဟောင်းအနွမ်းများတွင် အီးကိုလိုင်ပိုး၊ တီဘီပိုး၊ ကပ်ပါးပိုး၊ အစာအိမ်နှင့် လူတို့ကို ကင်ဆာဖြစ်စေတတ်သော ဗက်တီးရီးယားပိုးမွှားများပါရှိရာ ပိုက်ဆံမှရသော ရောဂါများစွာရှိ၍ ရောင်းချသူရော ဝယ်ယူသူပါ ဆင်ခြင်သင့်လှသည်။

မြင်းခြံခေါက်ဆွဲသုပ်မှာတော့ ကြိတ်ခေါက်ဆွဲဟုခေါ်သည့် ခေါက်ဆွဲသားနုနုကို ကြက်သွန်ဖြူဆီချက်၊ ကြက်သွန်စိမ်း၊ မုန့်ကြွပ်ကြော်တို့အပေါ် ကြက်သားဟင်းလေးဆမ်းထားသဖြင့် အရသာရှိလှပေသည်။

ထိုစံပြတိုက်တန်းထိပ်က အသုပ်ဆိုင်ကိုရောက်တော့ ဆိုင်ဘာလို့မဖွင့်တာလဲဟု သိချင်စိတ်နှင့် မေးမြန်းကြည့်တော့ ထိုဆိုင်မှ အသက်(၂၅)နှစ် ပတ်ဝန်းကျင်လောက်ရှိသည့် မိန်းကလေး ကွယ်လွန်သွားသဖြင့် ရက်လည်ဆွမ်းသွတ်ရန် ဆိုင်ပိတ်ထားခြင်းဖြစ်သည်ဟု သိရသည်။ ကျွန်တော် အရင်တစ်ခေါက် မြင်းခြံမြို့ကို ရောက်တုန်းကတောင် ထိုမိန်းကလေးကို ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာနှင့် တွေ့လိုက်ရသေးရာ ယခုကွယ်လွန်သွားသည်ဟု ဆိုသဖြင့် ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဘာရောဂါကြောင့် သေဆုံးသွားတာလဲဟု မေးကြည့်လိုက်မိသည်။ သူတို့အဖြေက စာရေးသူကို ပို၍ အံ့အားသင့်စေသည်။ ထိုကလေးမလေးမှာ နာမည်ကြီးမင်းသမီးကြော်ငြာသည့် ပိန်ဆေးဝယ်သောက်ရင်း သေဆုံးသွားသည်ဆိုသောကြောင့်ပင်တည်း။

ရန်ကုန်မြို့တွင် မိန်းကလေးအချို့ ပိန်ဆေးသောက်၍ ရောဂါခံစားရပြီး ဆေးရုံတက်ရောက်ကုသရသည့် သတင်းတွေကိုတော့ မကြာခဏ ကြားနေခဲ့ရ၏။ သေသည့်သတင်းကို ကြားရသည်ကတော့ ယခုအကြိမ်က ပထမဦးဆုံး အကြိမ်ဖြစ်သည်။ ထိုမိန်းကလေးသည် ပိန်ဆေးသောက်သည်ဆိုသော်ငြားလည်း ကြည့်ဆိုးအောင် ဝဖိုင့်နေသော ဖက်တီးပုတ်မကြီးတစ်ယောက် မဟုတ်ပါ။ သာမန်ထက် အနည်းငယ်ဝဖြိုးသော အနေအထားလောက်သာ ဖြစ်ပါ၏။ အစားအသောက် ဂရုတစိုက်ဆင်ခြင်စားသောက်ပြီး သင့်တင့်သော လေ့ကျင့်ခန်းတစ်ခု ပုံမှန်လုပ်သွားပါက မလိုလားအပ်သော အဆီပိုများ ကျသွားနိုင်ပါလျက် ပိန်ဆေးသောက်လိုက်မိ၍ မွန်းတည့်ချိန်တွင် နေဝင်ခဲ့ရရှာပါသည်။

နောက်တစ်ဦးကတော့ မကြာသေးမီက စာရေးသူတို့ ဖွင့်လှစ်ထားသော သဘာဝသမားတော် အသည်းအထူးကုဆေးခန်းသို့ ဆေးဝါးကုသခံရန် ရောက်ရှိလာသည့် အသက်(၂၆)နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်၏။ သူမနာမည်ကတော့ ထားစုဟန်ဖြစ်ပြီး တာမွေမြို့နယ်တွင်နေ၏။ သူမကလည်း တီဗွီတွင် နာမည်ကြီးမင်းသမီးတစ်ဦးကြော်ငြာသော ပိန်ဆေးဝယ်သောက်ရင်း ဝမ်းဗိုက်တောင့်တင်းပြီး ထောက်နေသောကြောင့် ထမင်းလည်း ကောင်းစွာမစားနိုင်၊ ထိုင်လည်းမထိုင်နိုင်ဖြစ်နေ၍ ဆရာဝန်သွားပြသောအခါ ဆရာဝန်က အာထရာဆောင်းရိုက်ကြည့်ပြီး ထိုပိန်ဆေး၏ Side effect ကြောင့် အသည်းကြီးနေသည်ဟုဆို၏။ ထိုမိန်းကလေးမှာ အနောက်တိုင်းဆေးဖြင့် ကုသရာ မထူးခြားသည့်အတွက် ကျွန်တော့်ထံသို့ ဆေးဝါးကုသခံရန် ရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်တော်တို့ ဆေးခန်းသို့ရောက်ရှိချိန်တွင် သူမမှာ အသည်းကြီးနေသော ဝေဒနာကြောင့် ကောင်းစွာမထိုင်နိုင်ဘဲ ခန္ဓာကိုယ်ကို နောက်သို့လှန်၍ ထိုင်နေရသည်ကို စိတ်မသက်သာစရာ တွေ့ရှိလိုက်ရသည်။ ထိုမိန်းကလေးကတော့ ကျွန်တော့်ထံသို့ အချိန်မီရောက်ရှိလာသဖြင့် တစ်ပတ်အတွင်း သူမ၏ဝေဒနာ သက်သာပျောက်ကင်းသွားခဲ့ပါသည်။

တလောက ကြေးမုံသတင်းစာထဲတွင် ရုရှားနိုင်ငံ မိုနာကိုတွင်နေထိုင်သူ အသက် (၃၉)နှစ်အရွယ်ရှိ ဗလာရီရာဗီတင်ဆိုသူ အမျိုးသမီးသည် နှစ်ပေါင်းများစွာ ခန္ဓာကိုယ်အလေးချိန်လျှော့ချရာမှ ကမ္ဘာ့အပိန်ဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခံရသည့်အဖြစ်သို့ ရောက်ရှိသွားကြောင်း ဖတ်ရှုလိုက်ရ၏။ သတင်းစာထဲတွင် ပိန်ဆေးမသောက်မီက အသက် (၂၃) နှစ်အရွယ်က ဗလာရီရာ၏ ရုပ်ပုံနှင့် ယခုအသက် (၃၉)နှစ်အရွယ် ပိန်ဆေးသောက်ပြီး အလွန်ပိန်သွားပြီးကြည့်လျှင် ရုပ်ဆိုးလောက်အောင်ဖြစ်နေသော ဗလာရီရာ၏ပုံကို နှိုင်းယှဉ်၍ဖော်ပြထားရာ အတော်ပင်တုန်လှုပ်စရာကောင်းလှ၏။

တလောဆီကလည်း အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (FDA)က ဂျပန်နိုင်ငံ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သော Xiu shentang ကထုတ်လုပ်၍ Ama Zon ကုမ္ပဏီမှဖြန့်ဝေသော ပိန်ဆေးတစ်မျိုးဖြစ်သည့် Japan Rapid Weight Loss diet Pill (စိမ်း၊ ဝါ၊ ပြာ)သည် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ကို ဖြစ်စေနိုင်သဖြင့် မသောက်သုံးသင့်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ထိုပိန်ဆေးအစိမ်းရောင်တွင် ပါဝင်သော Phenol Phthalein ဓာတ်က DNA ကို ထိခိုက် (mutation) ပြီး ကင်ဆာရောဂါကို ဖြစ်စေနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံကဲ့သို့ အဘက်ဘက်က တိုးတက်နေသောနိုင်ငံမှ ထုတ်လုပ်သည့် ပိန်ဆေးများပင်လျှင် အန္တရာယ်ကြီးမားလျက်ရှိရာ အခြားနိုင်ငံများမှ ထုတ်လုပ်ဖြန့်ချိသော ပိန်ဆေးများအဖို့ကား ဆိုဖွယ်ရာမရှိတော့ပေ။

မကြာသေးမီကလည်း အိန္ဒိယနိုင်ငံတွင် ဆရာဝန်မိသားစုမှ ပေါက်ဖွားလာသော ဆာရဒ်ဟောစ်တွန် (Sarah Hoston)ဆိုသည့် အသက်(၂၃) နှစ်အရွယ် ဆေးကျောင်းသူတစ်ဦး ပိန်ဆေးသောက်ရင်း သေဆုံးသွားခဲ့ကြောင်း ဂျာနယ်တစ်စောင်တွင် ဖတ်ရှုလိုက်ရ၏။ သူမသောက်သုံးသော ပိန်ဆေးမှာ DNP ဟု ခေါ်သော သက်ဆိုင်ရာမှ တားမြစ်ထားသော အဆိပ်ဆေးတစ်မျိုး ဖြစ်သည်။

ထို DNP မှာ အဆိပ်ဆေးအဖြစ် တားမြစ်ထားသော်လည်း ပိုးသတ်ဆေး (Pesticide)အဖြစ်မူ တရားဝင် အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။

ထို DNP ဆေးကြောင့်ပင် ၂၀၀၈ ခုနှစ်ကလည်း အသက်(၂၆) နှစ်အရွယ် ဆီလီနာဝါရောင်းဆိုသူနှင့် စန်ကလီသရိုဆိုသူလည်း သေဆုံးခဲ့ဖူးကြောင်း သိရသည်။

ထို့ကြောင့် ပိန်ချင်လွန်းလှသော၊ လှချင်ရက် စက်စက်ယိုမလေးများအဖို့ ဤကိုယ်တွေ့ဖြစ်ရပ်များက သတိပြုစရာ၊ ဆင်ခြင်စရာကောင်းလှသည်။

ပိန်ချင်လျှင် သဘာဝကျကျ၊ အဆီကျ၊ သွယ်လျ၊ လှပစေနိုင်သော သဘာဝဓာတ်စာ၊ ဘဝနေထိုင်မှုပုံစံ၊ ပုံမှန်ပြုလုပ်သင့်သော လေ့ကျင့်ခန်းနည်းစနစ်များ များစွာရှိပါသည်။ ဘေးထွက်ဆိုးကျိုးများပြားလှသော သဘာဝလွန် ဓာတုပိန်ဆေးများကိုတော့ လုံးဝမသောက်သုံးသင့်ပါ။

နိုင်ငံခြားမှာဆိုလျှင်တော့ လူသေဆုံးစေသည့် ဖြစ်ရပ်မဆိုထားနှင့် ကျန်းမာရေးအရ ထိခိုက်မှုတစ်စုံတစ်ရာရှိလျှင်ပင် ထိုဆေးထုတ်လုပ်ဖြန့်ချိရောင်းချသောကုမ္ပဏီမှာ တရားစွဲဆိုခံရ၍ ဒေါ်လာသန်းနှင့်ချီကာ လျော်ရမည်မှာ အသေအချာပင်ဖြစ်ပါသည်။

အဓိကကတော့ စာသုံးသူဘက်က ပိန်ဆေးလား၊ သေဆေးလား ဆိုသည်ကို အသေအချာ ခွဲခြား၊ ရွေးချယ်တတ်ဖို့ပင် ဖြစ်ကြောင်း အသိပေးရေးသားဖော်ပြလိုက်ရပါသည်။ ။

၂၀၁၃ခုနှစ် မေလ ၃၁ ရက်နေ့

**ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့**

"ဆေးလိပ်ဆေးရွက် အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ် အရောင်းမြှင့်တင် ကြော်ငြာများ၊ ဥပဒေဖြင့် တားမြစ်ထား"

ကျန်းမာရေးဝန်ကြီးဌာန

## ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာယူ - ၂၃အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းမည်

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် စနစ်တကျဆောင်ရွက်နေပြီး မြန်မာယူ-၂၃ အသင်းကိုလည်း ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းကာ မေ ၂၁ ရက်မှ ၃၁ ရက်အထိ တောင်ကြီးမြို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အဆိုပါ မြန်မာယူ-၂၃ အသင်းတွင် လက်ရှိ MNL ၌ ခြေစွမ်းပြနေသည့် လူငယ်ကစားသမားများ ပါဝင်ပြီး လေ့ကျင့်မှုများကို ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် အကြိုပြင်ဆင်မှုအနေဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် အနယ်နယ်အရပ်ရပ်မှ ဘောလုံးဝါသနာရှင်များ ကြည့်ရှုနိုင်ရန်အတွက် မေ ၂၆ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ရှိ KBZ ကွင်း၌ အထူးခြေစမ်းပွဲအဖြစ် MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ MNL ညွှန့်ပေါင်းအသင်းတွင် ပါဝင်မည့် နိုင်ငံခြားသားကစားသမားများမှာ လက်ရှိ MNL တွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြစ်သောကြောင့် ယင်းခြေစမ်းပွဲမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ သေချာလှသည်။

ခြေစမ်းပွဲမစမီ မွန်းလွဲ ၁ နာရီမှစ၍ ဖြေဖျော်ရေးအစီအစဉ်အဖြစ် Rဇာနည်၊ နီနီခင်ဇော်၊ ချစ်စနိုးဦး စသည့် နာမည်ကြီးတေးသံရှင်၊ အနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက ယင်းခြေစမ်းပွဲတွင် အနိုင်ရရှိသည့် အသင်းအား ကျပ်သိန်း ၁၀၀၊ ရှုံးနိမ့်သည့်အသင်းအား ကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (ဖိုးသော်ဇင်)

## တရားမဝင်ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ဇိမ်ခံကားများ လေလံတင်ရောင်းချမည်

မော်လမြိုင် မေ ၂၄

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ တစ်ဖက်နိုင်ငံမှ ခိုးသွင်းခဲ့သည့် ဇိမ်ခံကားများ ဖမ်းဆီးအရေးယူရေး စီမံချက်ဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းဗိုလ်၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦးနှင့် သထုံခရိုင် ဒုတိယရဲမှူးကြီး အောင်သန်းတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မှ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များသို့ သယ်ဆောင်ရောင်းချလျက်ရှိသော တရားမဝင် လိုင်စင်မဲ့ ဇိမ်ခံကားများကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ စတင်ဖမ်းဆီးခဲ့ရာ ယနေ့အထိ ကား ၁၄၄ စီး ဖမ်းဆီးအရေးယူခဲ့သည်။

အဆိုပါ လိုင်စင်မဲ့ကားများ အနက် ဇိမ်ခံကား ၉၂ စီးကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မကြာမီရက်ပိုင်းအတွင်း လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ ရောင်းချရာမှ ရရှိသည့် ငွေများကို ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၀၇)



◆ရှေ့ဖုံးမှ

ကတ္တီပါယပ်တော်များ၊ အထက်ဌာပနာရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံဆင့်များ၊ ရွှေကြာသင်္ကန်းတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဇန်းမော်ကျောင်းတိုက်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က သီလရှင်ဆရာကြီး ဒေါက်တာမောဠိနီ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ခြောက်ထပ်ကြီး ဆရာတော်ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဌာပနာတော်သွင်းလှူပူဇော်ခြင်း အခမ်းအနားကို မဟာဗောဓိစေတီတော်၌ ဆက်လက်ကျင်းပရာ ရတနာစိန်ဖူးတော်နှင့် ဌာပနာရုပ်ပွားတော်များကို နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များက ပင့်ဆောင်၍ စေတီတော်မြတ်အား လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော ဧည့်ပရိသတ်များက ဌာပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အခမ်းအနားအောင်မြင်မှု အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ သွန်းဖြိုးပေးကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သာဟတ္ထိကဒါနမြောက်အောင် ဆက်သွယ်စီစဉ်ထားသည့် အထက်ဌာပနာရုပ်ပွားတော်များအား ဇန်းမော်ကျောင်းတိုက်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အဆိုပါ အခမ်းအနားတွင် အလှူရှင်များလှူဒါန်းထားသည့် ရတနာများနှင့် ဌာပနာများကို ဌာပနာပုံကျမ်းနှင့်အညီ ဌာပနာသွင်းလှူခဲ့ကြောင်းနှင့် ဝတ္ထုငွေများကို စေတီတော်ကြီး၏ထာဝရငွေပဒေသာပင်အဖြစ် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာဆင်ယင်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများက သတ္တဌာနတို့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော် ဂန္ဓကုဋိတိုက်အတွင်း စာမျက်နှာ ၈ ကော်လံ ၁ သို့●



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ လှူဖွယ်ပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရောဝတီဘဏ်
ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း
ဦးအောင်ဇော်+ဒေါ်ယဉ်ယဉ်မြတ်
SUSTAIN CONSTRUCTION CO.,LTD.
ROYAL MAYLIKHA LUXURY CONDOMINIUM

# နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်အခမ်းအနား





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များက ဌာပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာ သက်န်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝ...
ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လှူဖွယ်ပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



သတ္တသတ္တာဟ မဟာစေတီတော်မြတ်...
အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

● စာမျက်နှာ ၇ မှ
ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရှိ မဟာဗောဓိညောင်ပင်၊ အဇပါလညောင်ပင်နှင့် လင်းလွန်းပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

## နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးများအား သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် သတ္တသတ္တာဟတရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ တရားပွဲကျင်းပခဲ့ပြီး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဟောကြားခဲ့ကြောင်း၊ မေ ၂၅ ရက်တွင် ယောဆရာတော်နှင့် မေ ၂၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်တို့က တရားတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း၊ မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တရားစခန်းပရိဝုဏ်ရှိ စင်မြင့်၌ မြဝတီအငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဌာပနာတော်များအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာ
(သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ သတ္တသတ္တာဟ မဟာစေတီတော်ရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။
(သတင်းစဉ်)



ကပ်လှူဒါန်း
(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ စေတီတော်ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏ မဇ္ဈိမဒေသခရီးစဉ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

# ပရိဘောဂစေတီထိုက်ပေသည့် ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

ရန်ကုန် မေ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ တည်ထားကိုးကွယ်ပူဇော်ထားလျက်ရှိတော်မူသော ပရိဘောဂစေတီထိုက်ပေသည့် ဗောဓိညောင်ပင်အား မေ ၂၄ ရက် (ကဆုန်လပြည့် ဗုဒ္ဓနေ့) နံနက်ပိုင်းက ညောင်ရေသွန်းပွဲတော်ကို ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပပူဇော်ခဲ့ကြောင်း သိရသည်။

(ရွှေတိုင်လွင်)

# ကျောင်းကြီးတိုက်ကျောင်းဝင်းအတွင်း၌ ညောင်ရေသွန်း

ရန်ကုန် မေ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မဟာသကျမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီး ကျောင်းကြီးတိုက်ကျောင်းဝင်းအတွင်း၌ ကျောင်းကြီးတိုက်ဂေါပကအဖွဲ့များနှင့် မဟာသကျမုနိ ဂေါပကအဖွဲ့များစုပေါင်း၍ ပဉ္စမအကြိမ်မြောက် ညောင်ရေသွန်းလောင်း အလှူတော်ကို မေ ၂၄ ရက် (ကဆုန်လပြည့်) နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ညောင်ရေသွန်းလောင်းလှူခဲ့ကြောင်း သိရသည်။

(စန်းလွင်)



ကြုံကြုံလှူတို့
(သတင်းစဉ်)





သတ္တသတ္တာဟ မဟာစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။
(သတင်းစဉ်)

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းပိုင်းအလိုက် အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

| တည်နေရာ | အမည်အခေါ် | ဖုန်းနံပါတ် |
|---|---|---|
| နေပြည်တော်လမ်းဆုံ Toll Gate အရာရှိရုံး | မေမြို့ | ၀၉-၈၆၁၈၀၀၀<br>၀၉-၄၃၅၁၈၀၀၀ |
| ရေပြာစခန်းရုံး၊ လယ်ဝေး | ရဲမာန် | ၀၉-၆၄၅၀၉၆၉ |
| မိုင် ၁၅၄/၀ | ရွာသစ်စခန်း | ၀၉-၅၀၅၁၀၁၁<br>၀၉-၈၆၅၀၂၂၈ |
| မိုင် ၄၀/၄ စခန်း | ဘောနတ်ကြီး | ၀၉-၈၆၂၄၆၂၂ |
| မိုင် ၁၁၁/၄ စခန်း | (၁၁၄)မောင်းထောင် | ၀၉-၈၃၀၁၀၄၁<br>၀၉-၅၁၉၄၂၄၇ |
| နေပြည်တော်လမ်းဆုံ Toll Gate | (စီလမ်းဆုံ)ကောင်းစံ | ၀၉-၈၃၀၀၃၆၁<br>၀၉-၄၉၂၀၄၄၈၃ |
| အမှတ်(၃)လမ်းဆုံစခန်း မိုင် ၁၅/၅ မှ ၁၅/၆ လေလျော်အင်း Plant | အမှတ်(၃) | ၀၉-၅၀၈၅၉၀၃ |
| မိုင် ၂၀/၅ စခန်း | (မြို့ရှိုးတောင်) | ၀၉-၈၆၂၄၆၂၂ |
| မိုင် ၄၀/၄ စခန်း | (၄၀/၄) | ၀၉-၈၆၂၄၆၂၂ |
| ၃ မိုင်ဖျော်စက်စခန်း | (၃)မိုင် | ၀၉-၆၈၀၅၄၀၀ |
| မိုင် ၆၈/၅ မရမ်းချောင်း ဖျော်စက်(အပြန်လမ်း) | (မရမ်းချောင်း) | ၀၉-၈၃၀၃၂၄၁ |

(ဆက်လက်ဖော်ပြပါမည်)

# ဗုဒ္ဓဂယာသွားမဖူးမြော်နိုင်သူများအတွက်

အမေး - အရေး ညီညီထွန်းနှင့် အောင်နိုင်
ဓာတ်ပုံ - ဇော်မင်းလတ် (အင်ပြင်)

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်တော်မူသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ မိမိတို့သတင်းအဖွဲ့ သွားရောက်သတင်းယူခဲ့ပါသည်။

မင်္ဂလာနံနက်ခင်း၏ အလင်းရောင်အောက်တွင် စေတီတော်မြတ်ကြီး၏ အရပ်ရှစ်မျက်နှာတစ်ခွင် စည်ကားများပြားစွာ လာရောက်ဘုရားဖူးကုသိုလ်ယူကြသည့် ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များသည် ပျားပန်းခပ်မျှ လူးလာလှုပ်ရှားသွားလာနေသည်ကို တွေ့ရ၏။

ညဏ်တော်အမြင့် သံတောင် ၁၀၈ တောင် အမြင့်ဆောင်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသည်ကား လမ်းတစ်ဖက်ရှိ သတ္တသတ္တာဟ တရားစခန်းနှင့် ပန်းသင့်လျက် တင့်တယ်သပ္ပာယ်ဖွယ်ရာ ကြည်နူးမဆုံး ဖူးမြော်မြင်တွေ့နေရသည်။ စေတနာကြည်လင် သဒ္ဓါယှဉ်တွဲ ကုသိုလ်ပါဝင် ဆင်နွှဲလိုကြသည့် ဧည့်ပရိသတ်များသည် စေတီတော်မြတ်ကြီး၏ အောက်ခြေပရိဝုဏ်အတွင်းသာမက စေတီတော်တံတိုင်း၏အပြင်ဘက် အရပ်ရှစ်မျက်နှာတစ်ခွင်တွင်လည်း ရှုမြင်မဆုံး တွေ့မြင်ရသည်။

အခမ်းအနားအစီအစဉ်များ ကျင်းပနေစဉ်အချိန်အတွင်း မိမိတို့သတင်းအဖွဲ့သည် စိတ်ကြည်နူးဝမ်းမြောက်စွာဖြင့် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနေကြသည့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးကြွလာမိတ်သဟာများကို သွားရောက်တွေ့ဆုံကာ ၎င်းတို့၏ ရင်တွင်းပီတိဖွင့်ဟချက်များအား မေးမြန်းလေ့လာစူးစမ်းဖြစ်ခဲ့ပါသည်-

**သုခမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင်**

သတ္တသတ္တာဟစေတီတော်မြတ်ကြီးကို ဖူးတွေ့ရတာ တကယ့်ကို ဗုဒ္ဓဂယာရောက်သွားတဲ့အတိုင်း ခံစားရပါတယ်။ အဲဒီအတွက် ရင်ထဲမှာ အတိုင်းမသိ ကြည်နူးဝမ်းမြောက်မိပါတယ်။ စောစောစီးစီးသာ သိခဲ့မယ်ဆိုရင် ဌာပနာပိတ်ပွဲအမီ ကုသိုလ်ကောင်းမှု ပိုလုပ်နိုင်မှာပါ။ နောင်ဆက်လက်ပြီး ကုသိုလ်ကောင်းမှုပိုလုပ်နိုင်အောင် ကြိုးစားသွားမှာပါ။

**ဒေါ်သဇင်မြင့်အောင်(အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်း)**

ကျွန်မတို့က ဗုဒ္ဓဂယာကိုဘုရားဖူးပို့တဲ့လုပ်ငန်းလုပ်ကိုင်ပါတယ်။ အခုဒီကို ရောက်လာတဲ့အခါ တကယ့်ကို ဗုဒ္ဓဂယာရောက်နေတဲ့အတိုင်း ခံစားရပါတယ်၊ အိန္ဒိယကို ငွေကြေးအခက်အခဲကြောင့် မသွားနိုင်တဲ့သူတွေ၊ ကျန်းမာရေးနဲ့ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်တဲ့သူတွေအတွက် ဒီသတ္တသတ္တာဟစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြတဲ့အခါ တကယ့်ဗုဒ္ဓဂယာကို ရောက်နေသလို ခံစားရလိမ့်မယ်လို့ ထင်မြင်မိပါတယ်ရှင့်။

**သုခမ္မသိင်္ဂီဒေါ်မာလာမြင့်**

ဒီသတ္တသတ္တာဟစေတီတော်မြတ်ကြီးဟာ အိန္ဒိယမှာရှိတဲ့ ဗုဒ္ဓဂယာနဲ့ ထပ်တူနီးပါး ဆင်တူမှုရှိတဲ့အတွက် အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ ဘုရားဖူးတွေအနေနဲ့ စိတ်ကြည်နူးကျေနပ်ဝမ်းမြောက်ကြမှာ သေချာပါတယ်။

ဆက်လက်၍ မိမိတို့သတင်းအဖွဲ့သည် စေတီတော်ပရိဝုဏ်အနီး၌ သုံးလောကထွတ်ထား သဗ္ဗညုဗုဒ္ဓမြတ်စွာဘုရားအား စုံဆယ်ဖြာဦးထိပ်မိုး၍ ရှိခိုးပူဇော်ကြည်ညိုနေကြသည့် ရပ်နီးရပ်ဝေးလာ ဘုရားဖူးပရိသတ်များအားလည်း သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်-

**အဘွားဒေါ်ရီရီ (ဒဟတ်ကုန်းကျေးရွာ တပ်ကုန်းမြို့နယ်)**

ပြောမပြနိုင်လောက်အောင်ပဲ ဝမ်းသာတယ်။ ဒီလိုမျိုး မျှော်လည်းမမျှော်လင့်ထားဘူးလေ။

အခုဒီလို ဖြစ်လာတယ်ဆိုတော့ အများကြီးကျေးဇူးတင်တယ်။ တကယ့်ဗုဒ္ဓဂယာကို ဘယ်သွားနိုင်မတုံး။ ရွာပြန်ရောက်ရင် အခုအတူတူ မလိုက်လာနိုင်တဲ့သူတွေကို ပြန်ပြောပြရဦးမယ်။

**မအေးသူဇာမြင့်နှင့် မရွှေသီရိဝေ (MAI ဝန်ထမ်းမိသားစု)**

အခုလို မြန်မာနိုင်ငံမှာ ဗုဒ္ဓဂယာလို သတ္တသတ္တာဟစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်တဲ့အတွက် ပြည်သူပြည်သားတွေ ပြည်တွင်းမှာ အလွယ်တကူ ဖူးမြော်ကြည်ညိုရလို့ သမီးတို့ အရမ်းဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကိုယ့်နိုင်ငံတွင်းမှာပဲဆိုတော့ မိသားစု၊ ဆွေမျိုးတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူတူ သွားရောက်ဖူးမြော်နိုင်တာပေါ့။

**ဒေါ်ခင်စောဝေ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ အိန္ဒိယနိုင်ငံကိုသွားပြီး ဗုဒ္ဓဂယာကို မဖူးနိုင်တဲ့အခါ ဒီသတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးကို နေပြည်တော်မှာတင် ဖူးမြော်နိုင်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။

မိမိတို့သတင်းအဖွဲ့ လှည့်လည်သွားလာ မေးမြန်းနေစဉ်အခိုက်တွင် ဝသန်မိုးစက်လေးများက ကောင်းကင်ယံမှ တဖွဲဖွဲကျဆင်းလာ၏။ အမိုးအကာအောက်တွင် ခေတ္တဝင်ရောက်မိုးခိုသူများကို တွေ့ရသည်။ ဝသန်မိုးကို ဂရုမပြုဘဲ သဒ္ဓါပီတိ ဂွမ်းဆီထိကာ ကြည်နူးဝေဖြာ ကုသိုလ်ပွားများလျက်ရှိသည့် ဘုရားဖူးလာ ပရိသတ်များထဲတွင် ရဟန်းသာမဏေများသာမက သီလရှင်ဆရာလေးများကိုပါ တွေ့မြင်သတိထားမိသည့်အတွက် သွားရောက်မေးမြန်းဖြစ်ခဲ့ပါသည်-

**ဒေါ်သုခဝတီနှင့် ဒေါ်သုမနဝတီ (ဓမ္မသာလသီလရှင်ကျောင်းတိုက်၊ လှေခွင်းတောင်)**

မမြင်ဖူးတာတွေ တွေ့ကြုံရတော့ တကယ်လည်း ပီတိဖြစ်မိပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့အတွက် အံ့သြဝမ်းသာမိတယ်။ အခုလို စေတီကြီး တည်ထားကိုးကွယ်နိုင်ခဲ့လို့လည်း ချီးကျူးပါတယ်။ ပြည်သူတွေအတွက်လည်း အများကြီးအကျိုးသက်ရောက်မှုရှိတာပေါ့၊ သဒ္ဓါကြည်ညိုတဲ့ စိတ်တွေလည်း ဖြစ်မိတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေလာရောက်ဖူးမြော်နိုင်တဲ့အတွက် ဘဝအတွက် အကျိုးရှိတာပေါ့။ ဗုဒ္ဓဂယာကို သွားရောက်မဖူးမြော်နိုင်လို့ ဒီကို လာရောက်ဖူးမြော်ရတာပါ။

**သုခမ္မသိင်္ဂီ ဒေါ်ချိုသာခင်နှင့် ဒေါ်ဝါဝါအောင်ချို (ရန်ကုန်)**

အိန္ဒိယက ဗုဒ္ဓဂယာကို သွားတဲ့အခါ အလွန်ကြည်နူးပီတိဖြစ်ရသလို အခု သတ္တသတ္တာဟစေတီတော်ကို ရောက်တော့လည်း အဲဒီနေရာ အဲဒီမြေကို ရောက်နေသလို တစ်ထပ်တည်း ခံစားရပါတယ်။ မနက်အစောကြီး ခုနစ်နာရီလောက်ကတည်းက ရောက်နေတာ။ ကုသိုလ်တွေ အများကြီးရပြီး အလွန်ဝမ်းသာကျေနပ်ရပါတယ်။ ကျွန်မတို့တစ်တွေ အလှူအတန်းတွေကို ဆတက်ထမ်းပိုး လှူဒါန်းသွားမယ်လို့ ရည်စူးထားပါတယ်။

ဝသန်မိုးကား စဲသွားလေပြီ။ နိုင်ငံတော်သမ္မတကြီးနှင့်ဇနီးတို့ အမှူးပြုသည့် ဘုရား ဒါယကာ၊ ဒါယိကာမများက စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား စေတီတော်အထွတ်သို့တိုင် မင်္ဂလာရထားပျံကို ရွှေကြိုးဆွဲကာ ကပ်လှူပူဇော်ပြီးပြီဖြစ်သည်။ ထိုအချိန်တွင် မိမိတို့သတင်းအဖွဲ့သည် အနီးဝန်းကျင်တွင် စေတီတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများကာ ပီတိဖြာဝေနေသည့် ဘုရားဖူးပရိသတ်အချို့ထံ ထပ်မံသွားရောက်မေးမြန်းဖြစ်ခဲ့သည်-

**ဦးဘိုနီ (နဘူးကျင်းကျေးရွာ)**

စေတီတော်မြတ်ကြီးကို ဖူးချင်လွန်းလို့ ရောက်လာတာပါ၊ မနက် ၆ နာရီကတည်းက ကားငှားပြီး လာခဲ့တာပါ။ အလွန်ကြည်နူးဝမ်းသာမိပါတယ်။

**ထန်းတောကြီးဝတ်အဖွဲ့ (တပ်ကုန်းမြို့နယ်)**

ကျွန်မတို့တစ်တွေ အခုလို ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ကျေးရွာသူ ကျေးရွာသားတွေလည်း စေတီတော်မြတ်ကြီးကို ဖူးမြော်ချင်လွန်းလို့ အခုလိုကြိုးစားပမ်းစား လာရောက်ခဲ့တာပါ။ ဗုဒ္ဓဂယာကို တီဗွီထဲမှာပဲ မြင်ဖူးတာ။ ဒီမှာ တထေရာတည်း ဖူးတွေ့ရလို့ ကျေးဇူးတင်တယ်။ ဝမ်းလည်းသာတယ်။

သဒ္ဓါမချို့သည့် မြန်မာတို့၏မြေတွင် သုံးလောကထွတ်တင် မြတ်ဗုဒ္ဓအရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ဥဒ္ဒိဿရည်မှန်းကာ ဓါတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီပုထိုးများစွာ တည်ထားကိုးကွယ်ထားကြသည်ကို နိုင်ငံတစ်ဝန်း တွေ့မြင်ရမည်ဖြစ်သည်။ ယခု နေပြည်တော်တွင် တည်ထားကိုးကွယ်တော်မူသည့် သတ္တသတ္တာဟ စေတီတော်မြတ်သည် မြတ်ဗုဒ္ဓကို ရည်မှန်းကာ ပူဇော်အထူးပြုကိုးကွယ်သည့် ပရိဘောဂစေတီတော်မြတ်တစ်ဆူ ဖြစ်သည်။

ထူးခြားချက်မှာကား စေတီတော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်း၌ သီရိလင်္ကာနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားတစ်ဆူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ပွားယူထားသည့် စွယ်တော်ပွားတစ်ဆူနှင့် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်ကို ပွားယူထားသည့် ဆံတော်ပွားတစ်ဆူတို့ကို ထည့်သွင်းပူဇော်ထားခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော အမျိုးကောင်းသားသမီးတို့အနေဖြင့် မြတ်ဗုဒ္ဓ၏ သတ္တခုနစ်ဌာနတည်ရှိရာ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာသို့ သွားရောက်မဖူးမြော်နိုင်၍ စိတ်မကောင်းဖြစ်စရာ မလိုတော့ပြီ။ နေပြည်တော်တွင် တည်ထားကိုးကွယ်တော်မူပြီးသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးထံ အရောက်လှမ်းလာကာ အချိန်မရွေးကုသိုလ်ယူဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။



သုခမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင်၊ သုခမ္မသိင်္ဂီ ဒေါ်မာလာမြင့်နှင့် ဒေါ်သဇင်မြင့်အောင် (အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်း)။



ထန်းတောကြီးဝတ်အဖွဲ့ (တပ်ကုန်းမြို့နယ်)



အဘွားဒေါ်ရီရီ (ဒဟတ်ကုန်းကျေးရွာ တပ်ကုန်းမြို့နယ်)




## သုဝဏ္ဏဘူမိမြို့ဟောင်းဒေသ အလုပ်ရုံဆွေးနွေးပွဲစာတမ်းဖတ်ပွဲဖိတ်ခေါ်

နေပြည်တော် မေ ၂၄

သုဝဏ္ဏဘူမိမြို့ဟောင်းနှင့်ပတ်သက်၍ အထောက်အထားများ၊ အကြံပြုချက်များရရှိနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးစီး၍ ရှေးဟောင်းသုတေသနပညာရှင်များနှင့် သမိုင်းသုတေသနပညာရှင်များ၊ ပထဝီနှင့် ဘူမိဗေဒပညာရှင်များ၊ သုတေသီများ၊ ဒေသခံများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများပါဝင်သော စာတမ်းဖတ်ပွဲနှင့် အနီးစပ်ဆုံးအဖြေဖော်ထုတ်မှုကို လာမည့်ဇွန်လဆန်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သဖြင့် စာတမ်းဖတ်ကြားလိုသော ပညာရှင်များအနေဖြင့် မိမိတို့၏ စာတမ်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(နေပြည်တော်)သို့ မေ ၃၁ ရက် နောက်ဆုံးထား ပေးပို့ပေးပါရန် ဖိတ်ခေါ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စေဖို့

ရန်ကုန် မေ ၂၄

ရွှေတိဂုံစေတီတော်မြတ်ကြီးကို အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြသည်မှာ နေ့စဉ် အလွန်များပြားလျက်ရှိသကဲ့သို့ ဘုရားကြီး၏ မုခ်လေးမုခ်ရှိ ကားပါကင်များမှာလည်း ဘုရားဖူးယာဉ်များ အဝင်အထွက်ဖြင့် အမြဲစည်ကားလျက်ရှိသည်။ မေ ၁ ရက် နံနက်ပိုင်းတွင် ဘုရားဖူးလာပြည်သူများ များပြားပြီး ဘုရားဖူးယာဉ်များမှာလည်း အနောက်ဘက်မုခ်ကားပါကင်တွင် နေရာအပြည့်ရပ်နားထားသည်ကို တွေ့ရသည်။ ထိုအထဲတွင် စာရေးသူတို့ကားလည်း အပါအဝင်ဖြစ်သည်။ ကားပါကင်ထိုးပြီး ကားပေါ်မှ မဆင်းရသေးခင် ကားအမိုးပေါ်သို့ 'ဝုန်း'ဆိုသည့်အသံ ကြားလိုက်ရသဖြင့် ကားပေါ်မှ အမြန်ဆင်းပြီးကြည့်ရာ ကုက္ကိုကိုင်းခြောက်ဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် အပေါ်သို့ မော့ကြည့်ရာ ထပ်မံကျိုးကျနိုင်သော ကိုင်းခြောက်များ၊ အုန်းလက်ခြောက်များ၊ အုန်းသီးခြောက်များကို တွေ့ရသဖြင့် ကားကို အန္တရာယ်ကင်းသော နေရာသို့ပြောင်းရွှေ့ရပ်နားလိုက်ရသည်။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် ကားမှန်ပေါ်သို့ ပြုတ်ကျလျှင် ကားမှန်များကွဲနိုင်သကဲ့သို့ ဘုရားဖူးလာပြည်သူများပေါ်သို့ ကျရောက်လျှင်လည်း ဒဏ်ရာအနာတရဖြစ်နိုင်သည်။ အုန်းသီးခြောက်ခေါင်းပေါ်သို့ ပြုတ်ကျလျှင်လည်း အသက်အန္တရာယ်ထိခိုက်နိုင်သည်။

သို့အတွက်ကြောင့် တာဝန်ရှိသူများအနေဖြင့် မုခ်လေးမုခ်ရှိကားပါကင်များမှ သစ်ပင်များ၏ ကိုင်းခြောက်များ၊ အုန်းသီးခြောက်များ၊ အုန်းလက်ခြောက်များကို မကြာခဏစစ်ဆေးပြီး ခုတ်ထွင်ရှင်းလင်းပေးခြင်းဖြင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအတွက် အန္တရာယ်ကင်းပြီး ကုသိုလ်ရမည့် ကောင်းသောဝန်ဆောင်မှုတစ်ခုဖြစ်ပါကြောင်း တင်ပြသည်။

(၆၈၂)



# အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်း ဆိုက်ရောက်၊ ထွက်ခွာရန် အဆောက်အအုံ ၆၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် မေ ၂၄

နိုင်ငံတကာလေဆိပ်များ၌ ကျင့်သုံးလျက်ရှိသော ဆိုက်ရောက် (ARRIVAL)နှင့် ထွက်ခွာ (DEPARTURE) များကို အဝေးပြေးကားများအတွက် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း တည်ဆောက်လျက်ရှိကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။ **(အပေါ်ပုံ)**



ပြန့်ကျဲနေသော အောင်မင်္ဂလာ အဝေးပြေးကားဂိတ်များကို တစ်နေရာတည်း၌ ပြန်လည်စုစည်းပြီး ခေတ်မီ အဆင့်မြင့် အဆောက်အအုံအတွင်း အဝေးပြေးကားများ ဆိုက်ရောက် စနစ်သစ်(ARRIVAL TERMINAL) နှင့် ထွက်ခွာ (DEPARTURE) စနစ်သစ်နှစ်ခုကို နိုင်ငံတကာလေဆိပ်များ နှင့် မီးရထားဘူတာရုံများ၌ ကျင့်သုံးသည့် စနစ်အတိုင်း ကျင့်သုံးနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း ပထမအစီအစဉ်အရ ခေတ်မီ အဆင့်မြင့်ARRIVAL TERMINAL အဆောက်အအုံကို (Myint & Paing) ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်၍ လာမည့် ဩဂုတ်လအတွင်း ဖွင့်လှစ်ရန် မျှော်မှန်းထားကြောင်း စခန်းတာဝန်ရှိသူ ဦးဉာဏ်ထွန်းအောင်က ရှင်းပြသည်။

ဆက်လက်၍ စခန်းတာဝန်ရှိသူက ARRIVAL TERMINAL စတင်တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရာ ခေတ်စနစ်တိုးတက်ပြောင်းလဲလာမှုနှင့်အတူ နိုင်ငံအတွင်း ခရီးသွားမှုပုံစံများလည်း အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖွံ့ဖြိုးတိုးတက်နေမှုကို တွေ့ရမည်ဖြစ်သည်။ ယင်းနောက် နိုင်ငံတကာလေဆိပ်များနှင့် မီးရထားဘူတာရုံများအတိုင်း တည်ဆောက်လျက်ရှိသော အဝေးပြေးကားများ ဆိုက်ရောက်မည့် ARRIVAL TERMINAL ပြည့်စုံမှုအပိုင်းနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် ခေတ်မီတည်ဆောက်ထားသော အမိုးအကာအောက်ရှိ အဆောက်အအုံအတွင်း အဝေးပြေးအဆင့်မြင့်ကားကြီး အစီး ၃၀ တစ်ပြိုင်တည်းဝင်ရောက်နိုင်မှု၊ ဧည့်ကြိုပို့အငှားယာဉ် အစီး ၅၀ ရပ်နားနိုင်မှု၊ အဝေးပြေးကားများ အဝင်လမ်းစကြံလေးခုတွင် ခေတ်မီထိုင်ခုံ ၁၂၀ ထားရှိမှု၊ အလူမီနီယမ် လက်တွန်းလှည်း အစီး ၂၀၀ ချထားပေးမှု၊ ခေတ်မီ LED လမ်းညွှန်ဆိုင်းဘုတ်၊ လုံခြုံရေးကင်မရာ (CCTV) ရုပ်မြင်သံကြားစက်၊ သန့်စင်ခန်း ၂၀၊ အင်တာနက်နှင့် ဈေးဆိုင်ခန်း ၁၀ ခန်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း၊ မြို့တွင်းသွားဘတ်(စ်)ကားငါးလိုင်းမှဘတ်(စ်)ကား ၁၃၂ စီး၊ အငှားယာဉ်အစီး ၅၀ စသည်တို့ကို ပြည့်စုံစွာ ထားရှိပေးမည်ဖြစ်သည်။

အဆိုပါ အဆောက်အအုံကို STEEL STRUCTURE ဖြင့် (Myint&Paing) ကုမ္ပဏီက တည်ဆောက်ပြီး အဆောက်အအုံတစ်ခုလုံးပြီးစီးသည်အထိ ငွေကျပ်သိန်းပေါင်း ၅၀၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ အဆောက်အအုံ အကျယ် ၃၁၂ × ၁၂၂ ပေတွင် အဆောင် ကိုးဆောင် တည်ဆောက်ထားပြီး ယခုလာမည့် ဩဂုတ်လတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန စခန်းတာဝန်ခံ ဦးဉာဏ်ထွန်းအောင်ထံမှ သိရသည်။

**(စောသိန်းဝင်း)**

# မော်တော်ယာဉ် ၁၉၅၇၂ စီး သွင်းကုန်ပါမစ် ထုတ်ပေး

ရန်ကုန် မေ ၂၄

ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ် ပါမစ်ထုတ်ပေးရေး ရန်ကုန်တိုင်းဒေသကြီးရုံး ဌာနစိတ်က လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ် သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် မေ ၂၁ ရက်အထိ 1350 CC အောက်ယာဉ်များ အပါအဝင် Saloon, Van, Mini Truck , Light Truck, Hatchback, Box Truck တို့ အပါအဝင် စုစုပေါင်း မော်တော်ယာဉ် ၁၉၅၇၂ စီးကို သွင်းကုန်ပါမစ် ထုတ်ပေးပြီး ဖြစ်ကြောင်းနှင့် အမေရိကန် ဒေါ်လာ ၁၃၇ ဒသမ ၀၉၇ သန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။

**အေးကို(သတင်းစဉ်)**







# ဥတုရာသီ တောက်ပြီမို၏

## ပျောက်ဆုံးခြင်း

HMAN MART MINING CO.,LTD ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်-(ယာယီ)အမှတ်-၁၄၅၂/၂၀၁၀-၂၀၁၁ရက်စွဲ(၁-၁၁-၂၀၁၀)ယာယီကတ်ပြားမူရင်းမှာ (၂၀-၅-၂၀၁၃)ရက် နံနက်(၁၀)နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပေးပို့ပါရန်။ **ဖုန်း-၂၀၃၀၂၃**









# မန်ယူနောက်ခံလူ ဖာဒီနန် စာချုပ်သက်တမ်းတိုး

မန်ယူနောက်တန်းကစားသမား ရီယိုဖာဒီနန်သည် မန်ယူအသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။ ဖာဒီနန်သည် ပြီးခဲ့သည့်သီတင်းပတ်က နိုင်ငံတကာလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ကြေညာထားခဲ့ပြီး အိုးထရက်ဖို့ဒ်နှင့် စာချုပ်သက်တမ်းတိုးရန် မျှော်လင့်ထားခဲ့သည်။

ဖာဒီနန်သည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ် ၂၈ ပွဲ အပါအဝင် ပြိုင်ပွဲပေါင်း ၃၄ ပွဲအထိ မန်ယူအသင်းအတွက် ပါဝင်ကစားပေးခဲ့သည်။ ယခုနှစ်ဘောလုံးရာသီသည် ဖာဒီနန်အတွက် အကောင်းဆုံးရာသီဖြစ်၍ ရီယိုဖာဒီနန် အလိုရှိသည့်အတိုင်း နည်းပြသစ်လက်ထက်တွင် စာချုပ်သက်တမ်းတိုးမြှင့်လိမ့်မည်ဖြစ်ကြောင်း နည်းပြဘဝမှ အနားယူသွားသော ဖာဂူဆန်က ပြောကြားခဲ့ပြီးနောက် လက်ရှိတွင် ဖာဒီနန်အား သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

**နိုင်လင်းကြည်**



# အဲဗာတန်ကွင်းလယ်ကစားသမား အော့စ်မန် စာချုပ်သစ်ချုပ်ဆို

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်း၏ ကွင်းလယ်ကစားသမား အော့စ်မန်သည် သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ရာ ၂၀၁၅ ခုနှစ်အထိ အဲဗာတန်အသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အော့စ်မန်သည် ၂၀၀၀ ခုနှစ်တွင် အဲဗာတန်အသင်းသို့ ရောက်ရှိလာခဲ့ပြီး ၎င်း၏ ယခင်စာချုပ်သက်တမ်းမှာ ၂၀၁၄ ခုနှစ် ဇွန်လရောက်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

အော့စ်မန်သည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်းအတွက် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူပေးခဲ့ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

အဲဗာတန်အသင်းသည် အသင်း၏အားထားရသော ကွင်းလယ်ကစားသမား အော့စ်မန်အား အသင်း၌ဆက်ရှိ နေစေရန် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားခဲ့သော်လည်း နည်းပြဒေးဗစ်မိုယက်မှာမူ မန်ယူနည်းပြဖာဂူဆန်နေရာတွင် ရာထူးတာဝန်ဆက်ခံမည်ဖြစ်၍ လက်ရှိတွင် အဲဗာတန်အသင်းအနေဖြင့် နည်းပြသစ်ရှာပုံတော်ဖွင့်လျက်ရှိကြောင်း သိရသည်။

# ကိုပါအီတာလီယာဖလားဗိုလ်လုပွဲရင်ခုန်သံ

အီတလီဘောလုံးလောကရဲ့ ဒုတိယမြောက်ဂုဏ်သိက္ခာအကြီးမားဆုံး ပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို ရောမမြို့မှာတည်ရှိတဲ့ ကိုလံပီကိုကွင်းကြီးမှာ မေ ၂၆ ရက်မှာ ကျင်းပသွားဖို့ရှိပြီး ရောမအခြေစိုက်နှစ်သင်းဖြစ်တဲ့ ရိုးမားအသင်းနဲ့ လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိမယ့် အနေအထားကိုတွေ့နေရပါတယ်။

အထူးသဖြင့် ရိုးမားအသင်းဟာ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီအပြီး နောက်ပိုင်းမှာ ဆုဖလားရယူနိုင်ခြင်းမရှိတဲ့အတွက် ငါးနှစ်ကြာဆုဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ဖို့ အနိုင်ရရှိရေး ဒီပွဲစဉ်မှာ အားစိုက်ကြိုးစားလာမှာလည်း သေချာနေပါတယ်။ ဒါ့အပြင် ရိုးမားဟာ ဒီနှစ်ဘောလုံးရာသီမှာ စီးရီးအေပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်မရတဲ့အတွက်ကြောင့် ဥရောပဝင်ခွင့်ရနိုင်တဲ့ ဒီဗိုလ်လုပွဲမှာ မဖြစ်မနေအနိုင်ရရှိဖို့ အာရုံစိုက်ကစားလာမှာလည်း ဖြစ်ပါတယ်။ ရိုးမားဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ကိုးကြိမ်တိတိဗိုလ်စွဲထားပါတယ်။ အအောင်မြင်ဆုံးအသင်းအဖြစ် ဂျူဗင်တပ်နဲ့အတူ ပူးတွဲရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ရိုးမားအနေနဲ့ ဒီတစ်ကြိမ်သာချန်ပီယံဆုကို ရယူနိုင်ခဲ့မယ်ဆိုရင် ကိုပါအီတာလီယာဖလားသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် သီးသီးသန့်သန့် ရပ်တည်နိုင်မှာလည်းဖြစ်တာကြောင့် အိမ်ကွင်းပွဲစဉ်လိုဖြစ်နေတဲ့ ဒီပွဲမှာ အနိုင်ရရှိရေးပိုမိုအားစိုက်လာနိုင်သလို ရိုးမားရဲ့အဆိုပါရှန်းအားကြောင့်လည်း ပွဲက ပိုမိုအသက်ဝင်လာပါလိမ့်မယ်။

ဒါပေမယ့်လည်း ရိုးမားအနေနဲ့ ဒီပွဲစဉ်မှာ အိမ်ကွင်းအားသာမှုရယူနိုင်ဖို့ကတော့ ခက်ခဲပါလိမ့်မယ်။ အထူးသဖြင့် ဒီအိုလံပီကိုအားကစားကွင်းဟာ ရိုးမားရဲ့အိမ်ကွင်းဖြစ်သလို ပြိုင်ဘက်လာဇီယိုအသင်းရဲ့ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရိုးမားအနေနဲ့ လာဇီယိုကို အိမ်ကွင်းအားသာချက်ဆိုတဲ့ အသာရမှုမျိုးနဲ့ ဖိအားပေးနိုင်တဲ့အခြေအနေမှာ မရှိပါဘူး။ ဒါ့အပြင် ရိုးမားဟာ ဒီရာသီ စီးရီးအေပြိုင်ပွဲအတွင်း လာဇီယိုနဲ့ဆုံတွေ့ခဲ့တဲ့ ပွဲတွေမှာလည်း ရလဒ်ပိုင်းကောင်းမွန်ခဲ့ခြင်းမရှိပါဘူး။ ပထမအကျော့မှာ အဝေးကွင်းအဖြစ်ကစားခဲ့ရတုန်းကလည်း အရှုံးနဲ့ရင်ဆိုင်ခဲ့ရပြီး ဒုတိယအကျော့ အိမ်ကွင်းအဖြစ် ကစားခဲ့ရာမှာလည်း သရေကစားနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ရိုးမားအနေနဲ့ ဒီပွဲစဉ်မှာ လာဇီယိုကို အနိုင်ရရှိကာ (၁၀)ကြိမ်မြောက်ဆုဖလားကို သိမ်းပိုက်နိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာမှာပါ။

လာဇီယိုအနေနဲ့လည်း စီးရီးအေပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်မရတဲ့အတွက်ကြောင့် ဒီပွဲစဉ်မှာ အနိုင်ရရှိပြီး ဥရောပဝင်ခွင့်ရရှိရေးအားစိုက်ကစားလာဖို့ရှိနေသလို ၂၀၀၉ ခုနှစ်မှာ ဒီဆုဖလားကို သိမ်းပိုက်နိုင်ခဲ့ပြီးတဲ့နောက် အသင်းအနေနဲ့ ဆုဖလားရယူနိုင်ခြင်းမရှိတဲ့ကာလတွေကို အဆုံးသတ်နိုင်ရေးအတွက် ဒီပွဲစဉ်မှာ အထူးအားစိုက် ကစားလာဖို့ရှိနေပါတယ်။ အထူးသဖြင့် လာဇီယိုဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေသလို ဖလော့ကာရီ၊ ကလိုဆေးတို့ဦးဆောင်တဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ စီးရီးအေမှာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲအတွင်း သုံးပွဲလုံးအနိုင်ရရှိကာ အဆိုပါ သုံးပွဲမှာ တိုက်စစ်က ၁၁ ဂိုးအထိသွင်းယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် လာဇီယိုကွင်းလယ်ပိုင်းမှာလည်း မူနာရီ၊ ပိုလီ၊ မာရ်စ်ကာတို့ ခြေစွမ်းပြနေမှုကြောင့် ကွင်းလယ်စုဖွဲ့မှုအားကောင်းမွန်နေတဲ့အတွက် ဒီပွဲစဉ်မှာ လာဇီယိုအနေနဲ့ ရိုးမားကို အကောင်းမွန်ဆုံး ထိန်းချုပ်ရင်ဆိုင်သွားနိုင်တဲ့ အနေအထားမှာရှိနေပါတယ်။ ဒါကြောင့်ပဲ ရိုးမားအနေနဲ့ ဒီပွဲစဉ်မှာ လာဇီယိုကို အသာရယူနိုင်ဖို့ဆိုတာ မလွယ်ကူတဲ့အနေအထားမှာ ရှိနေတာဖြစ်ပါတယ်။

အထူးသဖြင့် ရိုးမားဟာ အခုနောက်ပိုင်း အိမ်ကွင်း၊အဝေးကွင်းမရွေး ခြေပျက်ယွင်းနေတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေ ၁၀ ပွဲမှာ ငါးပွဲသာအနိုင်ရယူနိုင်ခဲ့တာကိုကြည့်ရင် ရိုးမားရဲ့ခြေစွမ်းပိုင်းအားပျော့မှုကို ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ရိုးမားဟာ တိုက်စစ်ပိုင်းမှာ ပုံမှန်ဂိုးသွင်းခြေရှိတဲ့တိုက်စစ်မှူးဆိုလို့ အော့ဗယ်ဒိုတစ်ဦးသာ ရှိတဲ့အတွက် ကွင်းလယ်ကစားသမားတွေရဲ့ သွင်းဂိုးတွေအပေါ်မှာ ပိုမိုအားပြုနေရပါတယ်။ ရိုးမားအနေနဲ့ ဒီရာသီမှာ ပြိုင်ပွဲအရပ်ရပ် စုစုပေါင်း ၆၂ ဂိုးရရှိခဲ့ရာမှာ တိုက်စစ်မှူးတွေသွင်းယူတဲ့ဂိုးက ၂၆ ဂိုးသာရှိခဲ့ပြီး အဆိုပါ ၂၆ ဂိုးအနက် တော့တီနဲ့ အော့ဗယ်ဒိုတို့က ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါ အဓိကတိုက်စစ်မှူးနှစ်ဦးအနက် တော့တီဟာ သက်ကြီးကစားသမားဖြစ်နေမှုနဲ့အတူ ရာသီနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းနေသလို အော့ဗယ်ဒိုကလည်း အခုနောက်ပိုင်း ဂိုးသွင်းခြေပျောက်ဆုံးနေမှုကြောင့် တိုက်စစ်ပိုင်း အားပျော့နေခဲ့ပါတယ်။ စီးရီးအေပြိုင်ပွဲအတွင်း ချီယေဗိုအိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့မှု၊ ပက်စ်ကာရာကို အိမ်ကွင်းမှာပဲ သရေကစားနိုင်ခဲ့မှုတွေအရ ဒီပွဲကို အိုလံပီကိုကွင်းကြီးမှာ ကစားရမှာဖြစ်ပေမယ့် လာဇီယိုနဲ့ ရင်ဆိုင်ရာမှာ ပိုမိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ရိုးမားအနေနဲ့ အိုလံပီကိုကွင်းကြီးအတွင်းမှာ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို တောက်လျှောက်ကျင်းပခဲ့တဲ့ နောက်ပိုင်းကာလတွေမှာ ဗိုလ်လုပွဲကို နှစ်ကြိမ်တက်ရောက်နိုင်ခဲ့ဖူးပေမယ့်လည်း တစ်ကြိမ်သာ ချန်ပီယံဆုကိုသိမ်းပိုက်နိုင်ခဲ့ပြီး ကျန်တစ်ကြိမ်မှာတော့ အင်တာမီလန်အသင်းကိုရှုံးနိမ့်ကာ ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရတဲ့ အစဉ်အလာတစ်ရပ်လည်း ရှိပါတယ်။

ဒီနှစ်သင်းရဲ့ ကိုပါအီတာလီယာဖလားသမိုင်းတစ်လျှောက်ထားရှိနိုင်ခဲ့တဲ့ မှတ်တမ်းတွေကို ပြန်ကြည့်မယ်ဆိုရင် ရိုးမားဟာ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို ဒီနှစ်မတိုင်ခင် ၁၆ ကြိမ်တက်ရောက်နိုင်ခဲ့ပေမယ့်လည်း ကိုးကြိမ်သာဗိုလ်စွဲနိုင်ခဲ့ပေမယ့် လာဇီယိုကတော့ ဒီနှစ်မတိုင်ခင် ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို ခြောက်ကြိမ် တက်ရောက်နိုင်ခဲ့ရာမှာ ငါးကြိမ်တိတိ ဗိုလ်စွဲနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဒီနှစ်သင်းကိုယှဉ်ကြည့်မယ်ဆိုရင် လာဇီယိုက ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တဲ့နှစ်တွေမှာ ချန်ပီယံဆုကို ပိုမိုအရယူနိုင်တဲ့အနေအထားကို တွေ့နေရသလို ဒီဗိုလ်လုပွဲဟာ ရိုးမားအတွက် ခက်ခဲတဲ့ဗိုလ်လုပွဲတစ်ပွဲဖြစ်လာမှာလည်း သေချာနေပါတယ်။

ဒါ့ကြောင့် ဒီပွဲစဉ်ဟာ ရောမဒါဘီဖြစ်နေခြင်း၊ ဒါကြောင့် ရည်မှန်းချက်တွေနဲ့ အနိုင်ရရှိရေးအားစိုက်လာမယ့် အနေအထားရှိခြင်းတွေနဲ့အတူ ပိုမိုအကြိတ်အနယ်ရှိပြီး လာဇီယိုက ကပ်ပြီးအနိုင်ရယူကာ အောင်ပွဲခံသွားဖို့ ရှိနေပါ တယ်။

ကိုပါအီတာလီယာဖလားဗိုလ်လုပွဲ

ရိုးမား- လာဇီယို ည ၁၀း၃၀(၂၆-၅-၂၀၁၃)

**ရှိုင်းမင်းမင်း**







# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



## အသင်းသားစုံညီ အထူးအစည်းအဝေးဖိတ်ကြားခြင်း

အကြောင်းအရာ။ ။ ကုန်သည်စက်မှုအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (မူကြမ်း)ကို အတည်ပြုရန်ကိစ္စ။

နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်ပြင်ဆင်ရေးဆွဲပြုစုထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အသင်းသားများ၏ဆန္ဒရယူ၍ အတည်ပြုနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းသားစုံညီအထူးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၁၃း၀၀ နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Towerပထမထပ်ခန်းမ၊ အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အထက်ပါ အသင်းသားစုံညီ အထူးအစည်းအဝေးဖိတ်စာနှင့် ယင်းအစည်းအဝေးတွင် တင်သွင်းမည့် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မူကြမ်း)တို့ကို ကြိုတင်ဖတ်ရှုလေ့လာနိုင်ပါရန် UMFCCI Website ဖြစ်သော www.umfcci.net တွင် တင်ထားပြီးဖြစ်ပါသည်။ ထို့အပြင် အဆိုပါ သင်းဖွဲ့စည်းမျဉ်းနှင့်သင်းဖွဲ့မှတ်တမ်း(မူကြမ်း)ကို ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ ကုန်သည်စက်မှုအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးရုံး၌ဌာန၊ ဖုန်း-၂၃၀၁၅၆၊ ဝန်ဆောင်မှုဌာန၊ ဖုန်း-၂၃၀၁၆၂ နှင့် စီမံရေးရာဌာန၊ ဖုန်း-၂၃၀၁၆၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၍ အသင်းဝင်ကတ်ဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပါ အသင်းသားစုံညီ အထူးအစည်းအဝေးတွင် နေရာထိုင်ခင်း အဆင်ပြေချောမွေ့စွာ စီစဉ်နိုင်ရန်အတွက် တက်ရောက်မည့် အသင်းသားများအနေဖြင့် အသင်းချုပ်ရုံး၊ ဝန်ဆောင်မှုဌာန၊ အသင်းသားဌာနစိတ်တွင် အသင်းဝင်ကတ်ဖြင့် ကြိုတင်စာရင်းပေးသွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။





## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈(က)၊ မြေကွက်အမှတ်(၃၃၄)ဟုခေါ်တွင်သော အလျား(၄၀ပေ)×အနံ(၆၀ပေ)ခန့်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဦးမာမက်အီဆွတ်[၁၂/ဒဂတ(နိုင်)၀၂၃၀၀၃]ထံမှ အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ကြပြီး ယခုနောက်ဆုံးဝယ်ယူ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်နန်းခမ်းဟော်[၉/ပဥလ(နိုင်)၀၀၆၇၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်သောကြောင့် ယင်းမြေကွက်အပေါ်ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးသက်ကိုကို(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၇၂၂၆)
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၃၀၈၃၂၀၅၊ ၀၉၄၄၉၂၅၃၉၀၉၊ ရုံးဖုန်း-၀၁၃၈၉၆၇၇







# မွန်ပြည်နယ် ၁၀ မြို့နယ်၌ ၂၀၁၂ ခုနှစ်တွင် မီးလောင်မှုအကြိမ် (၄၀) ဖြစ်ပွားခဲ့

**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် မီးလောင်ကျွမ်းမှုများ လျော့နည်းစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်စီစဉ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အသိပညာပေးဆွေးနွေးပွဲများကို တစ်အိမ်တက်ဆင်း မီးဖိုများစစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲမှုများစစ်ဆေးခြင်း၊ ရေသိုလှောင်ကန်များစစ်ဆေးခြင်းများ အပတ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့ကြောင့် မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ယမန်နှစ်ကထက် မီးလောင်ကျွမ်းမှုများ၊ ဆုံးရှုံးမှုတန်ဖိုးများနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ပွားမှုများ လျော့နည်းခဲ့သည်။

မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁၂ လအတွင်း မီးလောင်မှုအကြိမ် (၄၀)ဖြစ်ပွားခဲ့ပြီး အိုးမဲ့အိမ်မဲ့ ၅၄ ဦးဖြစ်သည်။

ထို့ပြင် မော်လမြိုင်ခရိုင် ခြောက်မြို့နယ်ဖြစ်သော မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ချောင်းဆုံနှင့် ကျိုက်မရောမြို့နယ်တို့တွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ မေလ ၂၂ ရက်အထိ မီးလောင်မှုအကြိမ်ရေ (၂၇) ကြိမ် ဖြစ်ပွားခဲ့ကာ အိုးမဲ့ အိမ်မဲ့ ၅၅ ဦးဖြစ်သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၊ ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာ ကမ်းနားပိုင်းလူနေအိမ်များ၊ ရေးမြို့နယ်နှင့် မုဒုံမြို့နယ် ရော်ဘာခြံတို့တွင် မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကျော်သန်း-မော်လမြိုင်)**

# ကော့မှူးငါးကန်၌ လူသတ်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၄**

ကော့မှူးမြို့နယ် ကျိုက်ထော်ရဲစခန်းအပိုင်တွင် မေ ၂၂ ရက်က အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး ငါးကန်စောင့်အလုပ်သမားချင်း ရိုက်သတ်ပြီး အလောင်းအား ငါးကန်အတွင်းရှိ ဒိုက်ပုံအောက်တွင် ဝှက်ထားသော လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့ ညနေ ၃ နာရီတွင် ကျိုက်ထော်ရဲစခန်းမှ ရဲအုပ်မျိုးဇော်ထွန်း(စခမ)နှင့် အဖွဲ့သည် ကျိုက်ထော်မြောက်ကျေးရွာ မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ ဦးကျော်ကြိုင် (၅၅)နှစ်၏ ငါးကန်၌ လူသတ်မှုဖြစ်ပွားကြောင်း အကြောင်းကြားသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တွံတေးမြို့နယ် ခတ္တိယကျေးရွာနေ ငါးကန်စောင့် အလုပ်သမား ဖိုးပိန်(ခ) အေးကိုကိုကျော်(၂၅)နှစ်နှင့် ကော့မှူးမြို့နယ် ကွမ်းခြံကုန်းလေး ကျေးရွာနေ ငါးကန်စောင့်အလုပ်သမား ရာဇာဌေး(၂၃)နှစ်တို့ မွန်းလွဲ ၂ နာရီတွင် အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ကြသည်။

ဖိုးပိန်(ခ) အေးကိုကိုကျော်က ရာဇာဌေးအား ခားသွေးကျောက်ထည့်ရာတွင် အသုံးပြုသော ပျဉ်ပြားပိုင်းအရှည် ၂၃ လက်မခန့်၊ ဖြက် သုံးလက်မခွဲ၊ အထူ လက်မဝက်ခန့်ဖြင့် ရိုက်သတ်၍ အလောင်းအား ငါးကန်တွင်းရှိ ဒိုက်ပုံအောက်တွင် ဝှက်ထားကြောင်း သိရသဖြင့် ရာဇာဌေးအလောင်းအား ရှာဖွေ၍ သက်သေများရှေ့ စစ်ဆေးရာ သေဆုံးသူတွင် နဖူးအလယ်မှ ဆံစပ်အထိ ဦးခွံရိုးကျိုး၊ ဦးနှောက်ထွက်ကြေမွဒဏ်ရာ၊ ဝဲချိုစောင်း အရိုးကွဲ ကြေမွဒဏ်ရာ၊ ဝဲမျက်ခုံးစောင်း စုတ်ပြဲဒဏ်ရာ၊ ဝဲပါးစုတ်ပြဲဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ပြစ်မှုကျူးလွန်သူ ဖိုးပိန်(ခ) အေးကိုကိုကျော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ **(၃၁)**

# ကော့သောင်းမြို့တွင် မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွား

**ကော့သောင်း မေ ၂၄**

ကော့သောင်းမြို့တွင် မဟာစင်မုန်တိုင်းအလွန် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၂၁ ရက် နံနက် ၁၁နာရီခွဲက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်းရှေ့ ဝဲဘက်ရှိ အလျား ပေ ၄၀၊ အမြင့် ၁၃ ပေရှိ မြေထိန်းနံရံမှာ မြေပြိုကျပျက်စီးသွားခဲ့သည်။**(အောက်ပုံ)**

ထိုမြေထိန်းနံရံမှာ ကျောင်းအကျိုး တော်ဆောင်များ၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျောက်တုံးကြီးများကို ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်မှာ ရက်ပိုင်းမျှသာရှိသေးပြီး ယခုမိုးသည်းထန်စွာရွာသွန်းသဖြင့် ပြိုကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူလတန်းလွန်ကျောင်းတွင် သူငယ်တန်းမှ ခုနစ်တန်းအထိ ကျောင်းသား ကျောင်းသူ ဦးရေ ၆၅၂ ဦးခန့် ပညာသင်ကြားလျက်ရှိပြီး ယခုအချိန် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ရက်ပိုင်းအလိုတွင် ယင်းသို့ ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။

**(ကျော်စိုး-ကော့သောင်း)**





# စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာ၌ လက်ပစ်ဗုံးများနှင့် ကျည်ဆန်များ တွေ့ရှိ

**စစ်တွေ မေ ၂၄**

စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာမှ ပလ္လင်ပြင်ထိ လမ်းဖောက်လုပ်ရေးအဖွဲ့သည် မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အုန်းတောကြီးကျေးရွာအနီး ရေနုတ်မြောင်း တူးဖော်စဉ် အနက် နှစ်ပေခန့်၌ ကျောပိုးအိတ်ဟောင်းတစ်လုံးအတွင်း ထည့်ထားသည့် အမှတ် (၃၆) လက်ပစ်ဗုံး ၂၁ လုံး၊ ၉ မမ ကျည်အတောင့် ၉၀၀ အား တွေ့ရှိခဲ့သည်။**(အပေါ်ပုံ)**

ယင်းလက်ပစ်ဗုံးနှင့် ခဲယမ်းများမှာ သံချေးတက်ပြီး လုံးဝအသုံးပြု၍မရဘဲ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က နစ်မြုပ်ခဲ့သည့် ပစ္စည်းများဖြစ်သည်။ ယင်းပစ္စည်းများကို သက်ဆိုင်ရာမှ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

# ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဦးဝေလွင် (၅၄)နှစ်သည်ယောက်ဖဖြစ်သူစိုးသီဟထွေး (၃၅) နှစ်မှာ မေ ၂၀ ရက် နံနက် ၉ နာရီတွင် နေအိမ်အိပ်ခန်းအတွင်း ကြိုးဆွဲချ သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် နေပြည်တော် မြို့မရဲစခန်း(၁)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူအား ပလတ်စတစ်နိုင်လွန်ကြိုးနှင့် သံကွင်းဆက်ကြိုးတွဲတို့ဖြင့် လည်ပင်း၌ ချည်နှောင်လျက် ပြတင်းပေါက်အထက်ပေါင်အနီး ခြောက်ပေအမြင့်တွင် သံကွင်းနှင့်ချိတ်လျက် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။ **(တင်ထွန်းအောင်)**












# (၆)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆွေးနွေး

**မန္တလေး မေ ၂၄**

(၆) ကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးကို မေ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲမှူးချုပ် ခင်မောင်စီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr. Wen Daojun, Head of the delegation, Deputy Director General, CID, MPS တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်းက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းလွင်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်နိုင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲမှူးကြီးခင်မောင်သန်း၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ UNICEF, UNIAP; IOM၊ World Vision Myanmar၊ Save the Children၊ AFXB၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကျော်မင်းသော်)**

**ကလေး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု ရေစိုကျေးရွာ သဘာဝစိမ့်စမ်းရေသွယ်ခြင်း အောင်မြင်မှုဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာရှိဖွင့်ပွဲမှုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ် တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် ရေစိုကျေးရွာ ရေရရှိရေးကော်မတီ ဥက္ကဋ္ဌ ဦးဖွန်ဟရဲက ကျေးရွာနေပြည်သူများအားလုံး သောက်သုံးရန် သဘာဝစိမ့်စမ်းရေသွယ်ခြင်း အောင်မြင်မှုအတွက် ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်က ရေဘားကိုဖွင့်လှစ်ပေးပြီး ရွာလုံးကျွတ် အိမ်တိုင်ရာရောက် ရေလွှတ်ပေးသည်။ **(အောက်ပုံ)**

## သဘာဝစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း အောင်မြင်မှု ဖွင့်ပွဲကျင်းပ

အဆိုပါ သဘာဝစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ချင်းပြည်နယ် ပန်းမွန်ချောင်းကျေးရွာ လယ်ပိုင်ရှင် ဒေါ်မြင့်မြင့်၏လယ်မှ ပလတ်စတစ်ပိုက်လုံးများဖြင့် အရှည်ပေ၃၃၅၀ သွယ်တန်းခြင်းဖြစ်ပြီး ရေတိုင်ငါးတိုင်ပြုလုပ်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်၃၅ ဒသမ ၅ သိန်း အကုန်ကျခံကာ သွယ်ယူပေးခြင်းဖြစ်ကြောင်း သိရသည်။

**(ဂျူနိုင်း)**



# ခန္တီးမြို့ အောင်သီရိဖောင်ဒေးရှင်းမှ ဆင်းရဲမှုလျှော့ချရေး အလှူငွေများ ထောက်ပံ့

**ခန္တီး မေ ၂၄**

ခန္တီးမြို့အောင်သီရိဖောင်ဒေးရှင်းမှ မြို့နယ်အတွင်း ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအတွက် အတိုးရငွေများအား ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှဖေက ထောက်ပံ့လှူဒါန်းရခြင်းအား ရှင်းလင်းတင်ပြသည်။

ထောက်ပံ့လှူဒါန်းခြင်းနှင့်ပတ်သက်၍ ဖောင်ဒေးရှင်းအဖွဲ့ဝင် စာရင်းစစ် ဦးခင်မောင်ညွန့်က "အောင်သီရိဖောင်ဒေးရှင်းရဲ့ မတည်ရရှိငွေ သိန်း ၈၅၀ မှ တစ်နှစ်အတွင်း ကျပ် ၁၀၄၆၂၈၂၀ အတိုးရခဲ့ပါတယ်။ ဒီ အတိုးရငွေထဲက ဆင်းရဲမှုလျှော့ချရေးအထောက်အကူပြုလုပ်ငန်းများအတွက် လှူဒါန်းခြင်းဖြစ်ပါတယ်။ အခုလှူဒါန်းခြင်းမှာ မြို့နယ်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် ကျပ် ၃၅ သိန်း၊ ပညာရေးကဏ္ဍအတွက် ကျပ်သိန်း ၂၀၊ ကျန်းမာရေးကဏ္ဍအတွက် ကျပ်သိန်း ၂၀ နှင့် ဘာသာ၊ သာသနာအတွက် ကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၈၅ သိန်းလှူဒါန်းပါတယ်"ဟု ရှင်းပြသည်။

ထောက်ပံ့လှူဒါန်းငွေများကို အောင်သီရိဖောင်ဒေးရှင်း ကော်မတီဝင်များ ဦးလှဖေ၊ ဦးဇော်ဝင်း၊ ဦးခင်မောင်ညွန့်နှင့် ဦးစိန်ထွန်းတို့က ပေးအပ်ကြပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးရွှေငြိမ်း၊မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဇေယျနှင့် မြို့နယ်သာသနာရေးမှူး ဦးရဲဝင်းတို့က လက်ခံရယူကြသည်။

**(ခရိုင်ပြန်/ဆက်)**



# ကျေးရွာချင်းဆက် လူကူးသစ်သားတံတားအား ကြိုးတံတားအဖြစ် ပြန်လည်တည်ဆောက်

**မော်လူး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးအုပ်စုတွင် မေ ၉ ရက် နံနက်ပိုင်းက ပဲခူးရွာ ဆရာတော် ဦးပါကဋ္ဌဦးစီး၍ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းကာ လေးတန်ချောင်း လူကူးတံတားကို ကြိုးတံတားအဖြစ် ဆောက်လုပ်လျက်ရှိသည်။

အင်းတော်မြို့နယ် မော်လူးအုပ်စု ပဲခူးရွာနေ မိခင်ကြီးဒေါ်မယ်သုန်အား အမှူးထား၍ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့နေ ဦးဓမ္မသာမိက အလှူငွေကျပ် သိန်း ၄၀ မတည်၍ ကျေးရွာချင်းဆက် လေးတန်ချောင်း လူကူးတံတားအား အလျား ပေ၃၀၀၊ အကျယ် ၄ ဒသမ ၃ပေ၊ အမြင့် ၂၃ ပေရှိ ကြိုးတံတားကို သံမဏိကြိုးငါးမတ်လုံးဖြင့် ဆောက်လုပ်မည်ဖြစ်သည်။

ယင်းတံတားဆောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၂၀ ကျော်မှ ရဟန်းသံဃာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

**နီတိုး (မော်လူး)**

# မိတ္ထီလာ သစ်စိမ့်ပင်ကျေးရွာနေ ပြည်သူများ၏ သာဓုခေါ်ဖွယ် ရေအလှူ

**မိတ္ထီလာ မေ ၂၄**

မိတ္ထီလာမြို့ ရှမ်းမငယ်အုပ်စု သစ်စိမ့်ပင်ကျေးရွာနေပြည်သူများသည် ရွာနှင့် လေးဖာလုံခန့်ကွာဝေးသည့် ငွေးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ ရေပုံးများကို တစ်ပိုင်တစ်နိုင် ဦးခေါင်းဖြင့်ရွက်ကာ ရေကုသိုလ်အဖြစ် မေ ၂၁ ရက် ညပိုင်းက လာရောက်လှူဒါန်းကြကြောင်း သိရသည်။

"ငွေးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ကဆုန်လဆန်း ၁၁ ရက်နေ့မှစတင်ပြီး ကဆုန်လပြည့်နေ့အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲရှိလို့ သံဃာတော်များ ရေအခက်အခဲမရှိအောင် လာရောက်ရေလှူဒါန်းကြတာပါ။ ရှမ်းမငယ်ကျေးရွာအုပ်စုတစ်ခုတည်းကလည်း ရွာလည်းဖြစ်၊ ရွာနီးချင်းလည်း ဖြစ်တော့ တစ်ရွာနဲ့တစ်ရွာ ကူညီရိုင်းပင်းမှုရှိ ကြပါတယ်။ ကုသိုလ်ရေးဆိုတော့ ပိုပြီးတော့ လိုလိုလားလားနဲ့ လာရောက်လှူဒါန်းကြတာပါ။ ဒီမှာ ရေရှားပေမယ့် ကဆုန်လပြည့်နေ့ရောက်ရင်လည်း ညောင်ရေသွန်းပွဲတော် ကျင်းပသွားမှာပါ။ နှစ်စဉ် ငွေးကုန်းကျေးရွာ ဘုန်းတော်ကြီး



ကျောင်းတိုက်မှာ ညောင်ရေသွန်းပွဲတော်ကျင်းပတိုင်း ရွာအနီးဝန်းကျင်ကရွာတွေအားလုံး ပါဝင်ကုသိုလ်ပြုကြပါတယ်" ဟု သစ်စိမ့်ပင်ကျေးရွာမှ ရေကုသိုလ် အလှူပြုသူတစ်ဦးက ပြောသည်။

ရှမ်းမငယ်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာအနီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အလျား ပေ ၅၀၀၊ အနက် ၁၂ ပေ၊ ရေလှောင်ပမာဏ ၂၃ ဧက ပေ (၆၃၀၀၀၀၀ ရေဂါလန်) သိုလှောင်စုဆောင်းနိုင်မည့်ရေကန်ကြီး တူးဖော်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**(၅၇၉)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် (၇၁)

ဦးနိုင်ဝင်းအောင် နှင့် ဦးမြင့်အောင်ပါ -၂

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊ ၆၆-၁၀နေ ဒေါ်မြတင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးနိုင်ဝင်းအောင်က ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံအားဖျက်သိမ်းဖယ်ရှားပြီး တရားလိုပိုင်မြေကိုလက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန်လ ၁၇ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ မေလ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## အမည်ပြောင်း

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ (အဖ)ဦးထွန်းငြိမ်း[၉/ကပတ(နိုင်)၀၉၁၇၂၃]၏ သား မောင်ကြည်စိုးထွန်းအား မောင်ကြည်စောထွန်းဟု ပြောင်းလဲခေါ်ပါရန်။**မောင်ကြည်စောထွန်း**

## အမည်ဖြည့်စွက်ခြင်း

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဖလန်ကန်ကျေးရွာနေ (အဖ)ဦးထွန်းရွှေ၏ သား မောင်မင်းဇော်[၅/ဆလက(နိုင်) ၀၅၄၅၁၇]အား မောင်မင်းဇော်(ခ) မောင်မင်းမင်းဇော်ဟု ဖြည့်စွက်ခေါ်ပါရန်။

**မောင်မင်းဇော်(ခ)မောင်မင်းမင်းဇော်**

## အမည်ပြောင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၊ (၈)ရပ်ကွက်၊ ထုံးဘိုနေ(အဖ) ဦးမောင်ဦးသာ၏ သား ရက်ကန်းကျောင်းအုပ် ဦးအောင်သန်း[၁၁/အမန(နိုင်)၀၀၄၂၇၀]အား ယနေ့မှစ၍ ဦးအောင်သန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈စ/၃၀၆၈၊ အမျိုးအမည် Tun Light Truck၊ အမျိုးအစား P/U (4×2)(R) ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှမြင့် မှတ်ပုံတင်အမှတ် [၉/မမန(နိုင်) ၀၇၇၂၇၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၈၇၄၃၇ အမျိုးအမည် Luojia 110၊ အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမြင့်ဦး မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်) ၁၁၇၁၇၃] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ယ/၆၆၀၇၉ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းထွန်း မှတ်ပုံတင်အမှတ် [၅/ရဥန(နိုင်)၁၅၅၅၅၅] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**
**ရွှေဘိုမြို့**



## ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ငွေကျပ်ကိုးသိန်း လှူဒါန်း

**မော်လမြိုင် မေ ၂၄**

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ အရန်စေတီတော်များအနက် စေတီတော်သုံးဆူအား ထီးတော်များနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် မေ ၂၁ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး စစ်ကဲကုန်းရပ်နေ (ဦးအောင်ကြည်)-ဒေါ်လှရွှေ (ဘထူးအောင်နှင့်မောင်နှမများ အထည်ဆိုင်)မိသားစုက ငွေကျပ် ကိုးသိန်းကို ပေးအပ်လှူဒါန်းရာ စေတီတော်မြတ်ကြီး၏ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းကြည်နှင့်အဖွဲ့က လက်ခံရယူသည်။**(အပေါ်ပုံ)**

(၃၀၇)

## ဒလမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ဆေးကုသ

**ဒလ မေ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ပြည်သူလူထုကျန်းမာရေးအတွက် ဒု-တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ဆေးကုသရေးအဖွဲ့မှ ဆရာဝန် ၄၃ ဦးတို့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆန်းသူရအောင်သိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် အနီးရှိကျေးရွာများမှ ရောဂါဝေဒနာရှင်လူနာများအား ဒလပြည်သူ့ဆေးရုံ၌ ကွင်းဆင်း၍ အခမဲ့စမ်းသပ်ဆေးကုသပေးခဲ့သည်။

အဆိုပါအထူးကုဆရာဝန်ကြီးအဖွဲ့သည် ကလေး၊ ခွဲစိတ်၊ အထွေထွေရောဂါ(သမားတော်ကြီး)၊ မျက်စိ၊ ပြန်လည်သန်စွမ်း၊ တိုင်းရင်းဆေး၊ သားဖွား/မီးယပ်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း ဟူ၍ အထူးကုအဖွဲ့ ရှစ်ဖွဲ့ခွဲကာ ဒလမြို့ပြည်သူ ရောဂါဝေဒနာရှင်လူနာ အမျိုးသား ၁၃၂ ဦးနှင့် အမျိုးသမီး ၂၉၆ ဦး စုစုပေါင်း ၄၂၈ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး နာတာရှည်ရောဂါသည် အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၄ ဦး ပေါင်း ၃၇ ဦးတို့အား ထိရောက်စွာကုသပေးနိုင်ရန် လွှဲပြောင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သန်းဌေး-ဒလ)**

## မြင်းမူ၌ ဒုတိယအကြိမ် ဆင်းကတ်များ မဲနှိုက်၍ ရောင်းချ

**မြင်းမူ မေ ၂၄**

ဒုတိယအကြိမ် မြင်းမူမြို့နယ်အတွက် ကျပ် ၁၅၀၀ တန် CDMA 800 MHz ဆင်းကတ် ၁၅၀၀ ခွဲတမ်းရရှိ၍ လျှောက်လွှာတင်ထားသူ ၄၈၆၈ ဦးရှိသည့်အနက် ရဟန်းသံဃာ ၁၇၅ ပါး၊ ဝန်ထမ်း ၄၁၂ ဦး၊ ပြည်သူ ၉၁၃ ဦးတို့အား မေ ၁၉ ရက် နံနက်မှစ၍ ညနေပိုင်းအထိ မြို့နယ်ရုံးရှေ့ပြည်သစ်ခန်းမ၌ ပြည်သူများရှေ့တွင်မဲနှိုက်၍ ဖြန့်ဝေရောင်းချပေးခဲ့ပြီး ကျန်ရှိသောလျှောက်လွှာများအား နောက်ထပ်မံရရှိမည့် ဆင်းကတ်အရေအတွက်ပေါ်မူတည်၍ ဆက်လက်ဖြန့်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ကျပ် ၁၅၀၀ တန် CDMA 800 MHz ဆင်းကတ်များကို ဧပြီ ၂၄ ရက်က ပထမအသုတ်အနေဖြင့် ကတ် ၁၀၉၀ ခွဲတမ်းရရှိကာ ယခုခွဲတမ်းကတ် ၁၅၀၀ ရရှိကြောင်း သိရသည်။

**(ကိုကိုနိုင်-မြင်းမူ)**

## ကိုယ်ထူကိုယ်ထ ကျေးလက်လမ်းဖွင့်

**ကျောက်ကြီး မေ ၂၄**

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းဒေသရှိ ညောင်ပင်ရိုး-ကျွန်းတော ကိုယ်ထူကိုယ်ထ ကျေးလက် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ကျင်းပသည်။

ယခင်က မိုးတွင်းအချိန်တွင် ရွှံ့ညွန်များကြားမှ သွားလာနေရသဖြင့် အချိန်ကုန် လူပင်ပန်းဖြစ်နေရခြင်းမှ ယခုအခါ ညောင်ပင်ရိုး-ကျွန်းတော မြေသားလမ်းဖောက်လုပ်ခြင်းကြောင့် သွားလာရေး လွယ်ကူချောမွေ့အဆင်ပြေသည့်အတွက် ဝမ်းသာလျက်ရှိကြောင်း ပြည်သူတစ်ဦး၏ပြောကြားချက်ကို သိရသည်။

၎င်းလမ်းသည် မြေသားလမ်းဖြစ်ပြီး အရှည် ပေ ၅၀၀၀၊ အကျယ် ၁၈ ပေရှိကြောင်း သိရသည်။

**ကျောက်ကြီး(IPRD)**

**မီးသုံးစွဲလျှင်**
**သတိယှဉ်**
**အစဉ်သတိအမြဲရှိ**



မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းသာသနာနုဂ္ဂဟအသင်း ရန်ကုန်အနောက်ပိုင်းခရိုင် ယဉ်ကျေးလိမ္မာဆရာဖြစ် မွမ်းမံသင်တန်းအောင်ပွဲအခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၂)ဗဟန်း၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာဦးခင်ရွှေ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မီးမီး-လှိုင်)



## မိုင်းဆတ်၌ ကြက်ခြေနီအသင်း ရုံးသစ်ဖွင့်

**မိုင်းဆတ် မေ ၂၄**

